# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၂၈)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၄ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ တရားဝင်ခရီးစဉ်များသွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင်ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ တူဗားပြည်နယ်အကြီးအကဲမစ္စတာဗလာဒီစလပ်ခိုဗာလစ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန်နှင့်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ✯



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ယနေ့ဖတ်စရာ**


**မဟာဗျူဟာမြောက် ပူးပေါင်းမှုမှသည် ယုံကြည်မှု သမိုင်းမှတ်တိုင်များဆီအထိ**
ဆောင်းပါး စာ - ၅ သို့

**တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ**
စာ - ၁၁ သို့

**ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင့်စူး)ပွဲတော် ဘားအံမြို့၌ ကျင်းပ**
စာ - ၁၅ သို့

**ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးကေ ၂၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး**
စာ - ၁၂ သို့




**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ပုလဲမွေးမြူထုတ်လုပ်ရေးနှင့် သစ်တောဂေဟစနစ်များ၏အခန်းကဏ္ဍ**

ဆောင်းပါး စာ - ၁၃ သို့

## အပူပိုင်းမုန်တိုင်း “နာရာ” (Narra)မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၃


ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ” (Narra)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊

စာမျက်နှာ ၁၆ ကော်လံ ၃ ⇛

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းလွန်-ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည်နောက် ၂၄ နာရီအတွင်း အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။




(မိုး/ဇလ)

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၄ ရက်)

# အပြန်အလှန်အကျိုးပြုသောစီးပွားရေးဖွံ့ဖြိုးမှု

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှကုန်းမြေတွင် ခိုင်မာသည့်ပြည်တွင်းဈေးကွက်ရှိသည့်အပြင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အာဆီယံနိုင်ငံများ၏ ကြီးမားသည့် နိုင်ငံတကာဈေးကွက်ထဲကို ကုန်းလမ်းကြောင်းသာမက ဘင်္ဂလားပင်လယ်အော်နှင့် မုတ္တမပင်လယ်ကွေ့တစ်လျှောက်တွင်ရှိသည့် မြန်မာနိုင်ငံ၏ ဆိပ်ကမ်းများကတစ်ဆင့်လည်း ဝင်ရောက်နိုင်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူထားသည့် မဟာဗျူဟာမြောက် တစ်ခုတည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဗဟိုချက်/ဆုံချက် (Choke Point) လည်းဖြစ်သည်။ ကမ္ဘာ့အကြီးဆုံးဈေးကွက်များဖြစ်သည့် လူဦးရေ ၁ ဒသမ ၄၇ ဘီလီယံရှိသည့် အိန္ဒိယနိုင်ငံနှင့် လူဦးရေ ၁ ဒသမ ၄၁ ဘီလီယံရှိသည့် တရုတ်နိုင်ငံအပြင် လူဦးရေသန်း ၆၆၀ ကျော်ရှိသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည့်အတွက် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် အာရှဈေးကွက်နှစ်ခုကို တံတားသဖွယ်ဆက်သွယ်ထားသည့် နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်ကိုဗဟိုပြုပြီး ကီလိုမီတာ ၄၀၀၀ အချင်းရှိသည့် စက်ဝိုင်းဆွဲကြည့်ပါက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ဖြစ်သော ၄ ဘီလီယံခန့်၏အလယ်တွင် မြန်မာနိုင်ငံတည်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ဒေသတွင်းဆက်သွယ်မှုလမ်းကြောင်းများဖြစ်သည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက်၊ အရှေ့ အနောက် စီးပွားရေးစင်္ကြံ၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တို့၏ အလယ်ဗဟိုတွင်တည်ရှိသည်။ ပထဝီအနေအထားအရ ဒေသတွင်းအရေးပါသည့် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် BIMSTEC အဖွဲ့များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ဆွေးနွေးဖက်နိုင်ငံအဖြစ်လည်းကောင်း ပါဝင်လျက်ရှိသည်။ ထို့ပြင် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များထဲက တစ်ခုဖြစ်သည့် Regional Comprehensive Economic Partnership (RCEP) တွင် မြန်မာနိုင်ငံပါဝင်နေသည့်အတွက် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ စသည့်နိုင်ငံများနှင့် ကုန်သွယ်ရေးချိတ်ဆက်မှုအခွင့်အလမ်းများလည်း ပိုင်ဆိုင်ထားသည်။

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာတွင် စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များသာမက လယ်ယာပေါင်းစည်းဇုန်များ၊ စက်မှုစီမံကိန်းများလည်း ထူထောင်ဆောင်ရွက်နိုင်သည်။ အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များရှိသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါအထူးစီးပွားရေးဇုန်သည် လက်ရှိတွင် အအောင်မြင်ဆုံးဖြစ်ပြီး ပင်လယ်ရေကြောင်းရှိသည့်အတွက် ပို့ကုန်ဦးစားပေးလုပ်ငန်းများနှင့် ကုန်ထုတ်မှုလုပ်ငန်းများဆောင်ရွက်ရန် အကောင်းဆုံးရွေးချယ်မှုဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ပူးပေါင်းပြီး စတင်အကောင်အထည်ဖော်နေသည့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အနာဂတ်တွင် မဟာဗျူဟာမြောက်အရေးပါသည့်နေရာဖြစ်လာမည်။ အဆိုပါစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြရန် ဖိတ်ခေါ်လိုပါသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးစီမံကိန်းအပြင် LNG Terminal၊ ရေနံချက်စက်ရုံ၊ ဓာတ်အားပေးစက်ရုံများနှင့် သဘာဝဓာတ်ငွေ့ကိုအခြေခံသည့်အဆောက်အအုံအဆင့်မြှင့်တင်ရေး စီမံကိန်းများသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ မဟာဗျူဟာမြောက်စီမံကိန်းများဖြစ်သည်။ အလားတူ မြန်မာနိုင်ငံ၏ အရေးပါသည့် သတ္တုသယံဇာတများနှင့် သဘာဝအရင်းအမြစ်များကို ခေတ်မီတူးဖော်ရေး နည်းပညာများအသုံးပြုထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်တွင်းလုပ်သားများ၏ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုလျက်ရှိသည်။ ယခုကဲ့သို့ မြန်မာ - ရုရှား စီးပွားရေး ဖက်စပ်လုပ်ငန်းများ ဖော်ဆောင်ခြင်းအားဖြင့် ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်များကိုဖွံ့ဖြိုးတိုးတက်စေနိုင်သလို ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များသို့ ထုတ်ကုန်များ ပိုမိုတင်ပို့နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၉ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ ရုရှား- မြန်မာစီးပွားရေးဖိုရမ်တွင် အမှာစကားပြောကြားစဉ် **"မြန်မာနိုင်ငံအနေဖြင့် ရုရှားနိုင်ငံကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးခရီးလမ်းတွင် ယုံကြည်စိတ်ချရသော မဟာဗျူဟာမြောက် စီးပွားရေးမိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား "ယုံကြည်မှုကိုအခြေခံတဲ့ မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကိုအခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်အကျိုးပြုသောအနာဂတ်" ကို အတူတကွတည်ဆောက်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် နည်းပညာကုမ္ပဏီများအား မြန်မာနိုင်ငံကိုလာရောက်ပြီး ရင်းနှီးမြှုပ်နှံရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များအဖြစ် လက်တွဲဆောင်ရွက်ကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ နှစ်နိုင်ငံအကြား ရေရှည်တည်တံ့သော၊ ခိုင်မာအားကောင်းသော၊ အပြန်အလှန်အကျိုးပြုသောစီးပွားရေးဖွံ့ဖြိုးမှုကို လက်တွဲဖော်ဆောင်နိုင်မည်ဟုယုံကြည်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော်ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် စက်မှုကဏ္ဍများတွင် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၃၅၉ သန်း တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်၍ အနာဂတ်တွင် ကဏ္ဍစုံ၌ ပိုမိုနက်ရှိုင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဟုယုံကြည်ပါကြောင်း။ ။

# နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းစုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ**

# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၂၆(တနင်္လာနေ့)

| | |
|---|---|
| ၁။ ၀၆:၀၃ တရားတော် | ၆။ ၁၆:၃၅ မြဝတီအဖွင့်တေးသီချင်း |
| ၂။ ၀၆:၅၀ ဓမ္မပူဇာတေး | ၇။ ၁၇:၂၅ သီချင်းလက်ဆောင် |
| ၃။ ၁၀:၃၅ မွေးမြူသုတ | ၈။ ၁၈:၄၀ ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး |
| ၄။ ၁၂:၃၀ မြန်မာသံစဉ်ချိုနားဝင် | ၉။ ၁၉:၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ နတ်စုံထောက် - ဒီရင်ကျယ် အပိုင်း (၂၂)** |
| ၅။ ၁၃:၁၅ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် | |

မြဝတီ နေ့စဉ် the Myawady Daily

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးရဲစိုးအောင်

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ရေတော်မိုးတော်မိုးစပါး ထွန်တုံးပိတ်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဩဂုတ် ၂၃

သတ်မှတ်လျာထားချက်များနှင့်အညီ မိုးစပါး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ စိုက်ဧကများ လျာထားချက်ပြည့်မီရေးနှင့် ဒေသတွင်းစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံချောင်းဖျားကျေးရွာရှိ တောင်သူဦးမျိုးကို၏ ကွင်းအမှတ် (၁၃၁၁) ဦးပိုင်အမှတ် (၄/၂) လယ်မြေ၌ ယခုနှစ် ရေတော်မိုးတော်မိုးစပါး ထွန်တုံးပိတ်ပွဲကို ဩဂုတ်လ ၂၃ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ တောင်သူများက သတ်မှတ်ထားသည့်လယ်မြေ၌ ၂၀၂၆-၂၀၂၇ ခုနှစ် ရေတော်မိုးတော်မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ရေတော်မိုးတော်မိုးစပါး စိုက်ပျိုးပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ယခုနှစ် မိုးစပါး စိုက်ပျိုးရန် လျာထားဧက ၂၅၂၀၄၃ ဧကရှိပြီး လက်ရှိတွင် ရေတော်မိုးတော် မိုးစပါး ၂၃၅၆၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် စုစုပေါင်း လျာထားဧက၏ ၉၃ ဒသမ ၄၆ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**ရဲကိုမောင်(ပြန်/ဆက်)**

# ဘေးအန္တရာယ်ဆိုင်ရာအရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်



ကျောက်ဆည် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘက်စုံသုံးခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် အခြေခံပညာဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါ်လီလီအောင်က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ရင်ဆိုင်တွေ့ကြုံနေရသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး UNICEF မှ တာဝန်ခံဒေါ်သူဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါသင်တန်းတွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်သင်ပညာရေးကျောင်းမှ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦးတက်ရောက်ကြသည်။ ယင်းသင်တန်းတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝေါဟာရများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကြိုတင်ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြင်ဆင်ခြင်း ဆောင်ရွက်ရမည့်နည်းလမ်းများကို ဩဂုတ်လ ၂၃ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# ၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

ရမည်းသင်း ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဩဂုတ်လ ၂၂ ရက်က ရမည်းသင်းမြို့နယ်ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီရိထွန်းက ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ဝင်ရောက်ဖြေဆိုကြသည်။ ထို့နောက် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဟိန်းပြည့်ဇော်(ပြန်/ဆက်)**

# ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ စိုက်ပျိုးထားသည့် စားဖိုဆောင်သီးနှံစုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ဝါးခယ်မ ဩဂုတ် ၂၃

ကျေးလက်နေတောင်သူများ မိသားစုဝင်ငွေတိုးပွားစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ လျာထားဧက ၁၀၅၅ ဧကကို ယခုနှစ်ဇွန်လကစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ စားဖိုဆောင်သီးနှံစုံ ၁၁၉၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည့်အတွက် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

''ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မြို့နယ်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧကအထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ အခုလို သီးနှံတွေကို လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေအပြင် တခြားလိုအပ်တာတွေကိုပါ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ စားဖိုဆောင်သီးနှံများ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစားဖိုဆောင်သီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်၊ အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာများ စနစ်တကျသုံးစွဲတတ်စေရန် စသည့်လုပ်ငန်းများကို ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသောသီးနှံများကို ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ခြင်းကြောင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

## မြဝတီ ကာတွန်း



# မဟာဗျူဟာမြောက်ပူးပေါင်းမှုမှသည် ယုံကြည်မှုသမိုင်းမှတ်တိုင်များဆီအထိ

သက်လွင် (PPIB)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့်တာဝန်ရှိသူများက ၂၂-၈-၂၀၂၄ ရက်တွင် တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နှစ်ရက်တာ ဘယ်လာရုစ်သမ္မတနိုင်ငံ ခရီးစဉ်သည် အောင်မြင်မှုများ ဝေဆာခဲ့ပေပြီ။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့မှစတင်ခဲ့သော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံခရီးစဉ်တို့သည် ယနေ့ဆိုလျှင် ခြောက်ရက်မြောက်ပင်တိုင်ခဲ့လေပြီ။ ရက်မကြာမီဆိုသလို အမိမြန်မာပြည်သို့ပြန်ရပေဦးမည်။ ခရီးစဉ်တစ်လျှောက် အောင်မြင်ခဲ့မှုများသည်လည်း ပြည်တွင်း၌သာမက အာဆီယံဒေသတွင်းနိုင်ငံများမှ ကမ္ဘာ့မျက်နှာစာထိတိုင်လှစ်ဟပြသနိုင်ခဲ့ပြီး ကဏ္ဍစုံလွှမ်းခြုံအောင်မြင်ခြင်းဟူသော ရလဒ်ကောင်းကို ဖော်ဆောင်နိုင်ခဲ့သည်သာ ဆိုရပေမည်။

## ဘယ်လာရုစ်သမ္မတနိုင်ငံမှသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆီသို့ ပြန်လည်ထွက်ခွာတော့မည်


အချိန်ကား ဒေသစံတော်ချိန် နံနက် ၈ နာရီခန့်ပင်။ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း နိုင်ငံတော်အကြီးအကဲအား ပို့ဆောင်နှုတ်ဆက်ရန် ပြင်ဆင်ထားမှုများက ခမ်းနားလှသည်ကိုတွေ့ရသည်။ လေဆိပ်အတွင်း စိုက်ထူထားသည့် နှစ်နိုင်ငံအလံများသည် လေပြည်လေညင်းများကြား၌ ဝင့်ထည်စွာ တလူလူလွင့်ဝဲလျက်ရှိ၏။

အထူးလေယာဉ်သို့သွားရာ လမ်းတစ်လျှောက် ခင်းကျင်းထားသော ကော်ဇောနီ လျှောက်လမ်းပေါ်တွင် နိုင်ငံတော်အကြီးအကဲနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့ဦးဆောင်လျက်တည်ငြိမ်စွာလျှောက်လှမ်းလာသည်။ ကော်ဇောနီလျှောက်လမ်း၏ ဝဲ/ယာနှစ်ဖက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော် ဂုဏ်ပြုတပ်ဖွဲ့ကလည်း အသင့်နေရာယူကာ အလေးပြုနေ၏။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အထူးလေယာဉ်ပေါ်သို့ရောက်ရှိသွားကြပြီ။ အထူးလေယာဉ်ကြီးသည် ဘယ်လာရုစ်နိုင်ငံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ဆီသို့ ဦးတည်ကာ စတင်ခရီးဆက်ခဲ့ပါတော့သည်။

ကောင်းကင်တစ်ခွင် ရာသီဥတုက ကြည်လင်ရှင်းသန့်နေ၏။ အဖြူရောင်တိမ်လိပ်များသည် ကြည်လင်နေသော ကောင်းကင်ပြင်ကြီးတွင် တိမ်သားမှန်ပြင်ချပ်ကို တိမ်စိုင်တိမ်လိပ်ကနုတ်ကွက်များဖြင့် အလှဆင်ထားသည့်ပမာ လှပနေ၏။ ဟိုသည်တစ်ကွက် တိမ်ဖြူလိပ်များကြားမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နယ်နိမိတ်များကို စတင်မြင်တွေ့နေရပေပြီ။ ကောင်းကင်မြင်ကွင်းနှင့် မြေပြင်ပုံရိပ်များကို လေယာဉ်ပေါ်မှနေ၍ စာရေးသူငေးမောရင်း မှင်တက်မိနေပါသေး၏။ တရွေ့ရွေ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သို့ တရွေ့ရွေ့နီးကပ်လာပေပြီ။ နိုင်ငံတော်အကြီးအကဲ အနေဖြင့် မည်သူတွေနှင့်တွေ့ဆုံဦးမည်နည်း။ မည်သို့သော အောင်မြင်မှုများကို ဆွတ်ခူးပေးဦးမည်နည်း။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့လေပြီ။ အချိန်ကား ဒေသစံတော်ချိန် ၆ နာရီ မိနစ် ၂၀ ခန့်ပင်။ အထူးလေယာဉ်ပေါ်မှ ဆင်းသက်ရာလမ်းတစ်လျှောက် ကော်ဇောနီခင်းကျင်းလျက် ခမ်းနားစွာကြိုဆိုကြသည်။ ထို့နောက် အမျိုးသမီးငယ်လေးနှစ်ဦးမှ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား အထိမ်းအမှတ်ပဝါများ လွှမ်းခြုံပေးနေ၏။ ဤပဝါသည် တူဗားပြည်နယ်၏ ယဉ်ကျေးမှုတစ်ခုဖြစ်သော နက်ရှိုင်းသောလေးစားမှုနှင့် ဂုဏ်ပြုမှုတို့ကိုဖော်ပြသည့် အထိမ်းအမှတ်ပဝါပင်ဖြစ်သည်။ တူဗားပြည်နယ်၏ လာရောက်ကြသည့် နိုင်ငံတော်အဆင့် ဧည့်သည်များအပေါ်ထားသော နက်ရှိုင်းသောလေးစားမှုနှင့် ဂုဏ်ပြုမှုသာဖြစ်၏။

လေဆိပ်တွင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးနွေးထွေးစွာ ခရီးဦးကြိုပြုနှုတ်ဆက်ကြပါသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်အား ၂၂-၈-၂၀၂၄ ရက်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ကီဇီးလ်မြို့နှင့်မိတ်ဆက်ခြင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကီဇီးလ်မြို့အကြောင်းကို စာဖတ်သူများထံ မျှဝေပေးလိုပါသည်။ ကီဇီးလ်မြို့သည် တူဗားပြည်နယ်၏ မြို့တော်တစ်ခုဖြစ်၏။ အာရှတိုက်၏ ပထဝီဝင်ဗဟိုချက်မ ( Geographical Center of Asia ) တစ်ခုလည်းဖြစ်သည်။ အဆိုပါနေရာတွင် (The Center of Asia) ဟုခေါ်သော အထိမ်းအမှတ်ကျောက်တိုင်တစ်ခုရှိသည်။

တူဗားဘာသာဖြင့် Bii-Khem(Great Yenisei) မြစ်နှင့် Kaa-Khem(Little Yenisei) မြစ်တို့သည် နှစ်စင်းပေါင်းဆုံပြီး Yenisei မြစ်ကြီးဖြစ်ပေါ်ခဲ့၏။ ဤ Yenisei မြစ်သည် ကီဇီးလ်မြို့တွင် စတင်မြစ်ဖျားခံခဲ့ခြင်းပင်။ နယ်နိမိတ်ထိစပ်မှုအားဖြင့် မွန်ဂိုလီးယားနိုင်ငံနယ်စပ်နှင့် နီးကပ်စွာတည်ရှိပြီး ဆိုက်ဘေးရီးယားတောင်ပိုင်းတွင် တည်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ရာသီဥတုအရ အပူအအေး ကွာခြားချက်သည်လည်း အပြောင်းအလဲမြန်လွန်းသည့်ရာသီဥတုကို ပိုင်ဆိုင်ထားသည့်မြို့တစ်မြို့ပင်။

ကိုးကွယ်မှုအနေဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ တိဗက်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကြီးများလည်းရှိသည်။ နတ်ကိုးကွယ်မှုများရှိ၍ ရှေးဟောင်းနတ်ဆရာအလေ့အထများကိုလည်း ယနေ့ထက်တိုင် ပူးတွဲမြင်တွေ့နေရသေးသည်။ ရိုးရာယဉ်ကျေးမှုမြင့်မားသော ဒေသတစ်ခုဖြစ်ပြီး ကီဇီးလ်များ၏ အဓိကကမ္ဘာကျော်ရိုးရာဂီတများလည်း ပိုင်ဆိုင်ထားသေးသည်။ တောင်တန်းများ၊ မြေနိမ့်လွင်ပြင်များ၏ သွယ်တန်းတည်ရှိနေပုံနှင့် ဆိုက်ဘေးရီးယား၊ မွန်ဂိုလီးယားနိုင်ငံတို့နှင့် ထိစပ်နေသည့်အတွက် မြင်း၊ သိုး၊ ဆိတ်မွေးမြူသည့်အလေ့အထများကိုလည်းတွေ့ရသည်။ ဤဒေသ၏ ထူးခြားချက်လေးတစ်ခုသာဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ အနေဖြင့် တူဗားကိုဝင်ရောက်ခြင်းသည် မြန်မာနှင့် ရုရှားတို့၏ ရှိရင်းခိုင်မြဲစွဲ ချစ်ကြည်ရေးအကြား ဘာသာရေး၊ ယဉ်ကျေးမှုတူညီသည်ဆိုသည့် ပုံရိပ်တစ်ခုကို အမှတ်မထင်ပြသလိုက်ခြင်းသာ။ နိုင်ငံရေးစကားနှင့်ဆိုလျှင် Soft Power သဘောမျိုးပင်။ ခရီးစဉ်ကား စီးပွားရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ သံတမန်ရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍစသော ကဏ္ဍများကြားတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုသည့် ချဉ်းကပ်ပြသမှုသည် ထိမိလှသည့် ပြကွက်တစ်ခုဖြစ်၏။ ခြေလှမ်းတိုင်းသည် စကားလုံးများစွာ ပြောနေသလိုပင်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၂၂-၈-၂၀၂၄ ရက်တွင် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

## တူဗားပြည်နယ်အကြီးအကဲနှင့် တွေ့ဆုံခဲ့

တူဗားပြည်နယ် ကီဇီးလ်မြို့ခရီးစဉ်သည် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပထမဆုံးအကြိမ်ရောက်ရှိခဲ့သော ဒေသတစ်ခုပင်ဖြစ်၏။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ်အကြီးအကဲ စာမျက်နှာ ၆ သို့ ▲



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၃-၈-၂၀၂၆ ရက်တွင် တူဗားပြည်နယ် ကီဇီးလ်မြို့ရှိ အာရှတိုက်၏ အလယ်ဗဟို နေရာဖြစ်သော The Center of Asia ကျောက်တိုင်တည်ရှိသည့်ပန်းခြံတွင်လှည့်လည်ကြည့်ရှုလေ့လာစဉ်။

▲ စာမျက်နှာ ၅ မှ

မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ် နှင့် ကီဇီးလ်မြို့ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်တွင် တွေ့ဆုံခဲ့၏။

တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအရှိန်မြှင့်တင်နိုင်မှုများ၊ နှစ်နိုင်ငံဗဟိုအစိုးရချင်းသာမက နှစ်နိုင်ငံပြည်နယ်အစိုးရအချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာတရား၊ ယဉ်ကျေးမှုချင်းတူညီမှုအားသာချက်များ၊ ဘုရားဖူးခရီးစဉ်များ၊ ခရီးသွားလုပ်ငန်းများ အပြန်အလှန် မြှင့်တင်ဆောင်ရွက်နိုင်မှုများ၊ အစိုးရချင်းသာမက ပြည်သူချင်းပါထိတွေ့ဆက်ဆံမှုများ ပိုမိုခိုင်မာအောင်ဆောင်ရွက်ရေးကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့သည်။ တွေ့ဆုံပွဲအပြီးတွင် တူဗားပြည်နယ်အကြီးအကဲက နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့၏။ ဂုဏ်ပြုညစာစားပွဲစတင်ကျင်းပသည်နှင့် တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ တေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကပြခဲ့ကြသေး၏။

ဤသို့ သီဆိုကပြဖျော်ဖြေမှု၌ လည်ချောင်းသံဖြင့်သီဆိုကာ ကပြသော ရိုးရာအကသည် ကီဇီးလ်တို့၏ ကမ္ဘာကျော် ရိုးရာဂီတအနုပညာတစ်ခုဖြစ်သည်ကိုလည်း စာဖတ်သူတို့ထံ မျှဝေပေးလိုပါသေးသည်။

ကီဇီးလ်မြို့လေးသည် ရုရှားနိုင်ငံ၏ နယ်မြို့တစ်မြို့ဖြစ်၏။ မြို့တွင် အလွန်မြင့်မားသော အထပ်မြင့်အဆောက်အအုံများမတွေ့ရပေ။ လမ်းများသည်လည်း သန့်ရှင်းသပ်ရပ်မှု အပြည့်နှင့်သာ။ Yenisei မြစ်ကြီးနှင့် မြို့ပြအလှများကို ငေးမောရင်း အလင်းရောင်ထုက တဖြည်းဖြည်းပါးလွှာခဲ့ပေပြီ။ ညနေဆည်းဆာ၏ တောက်ပနေသော လိမ္မော်ရောင်နေခြည်အလင်းတန်းများသည် Yenisei မြစ်ကြီးနှင့် ကီဇီးလ်မြို့ မြို့ပြပုံရိပ်များကို လှပစွာ မီးမောင်းထိုးပြသထားသည့်ပုံစံအတိုင်းပင်။ ဂုဏ်ပြုညစာစားပွဲနှင့်အတူ ကီဇီးလ်မြို့လေးသည်လည်း မဟူရာညအမှောင်ထဲသို့ တစ်စတစ်စတိုးဝင်သွားခဲ့ပါပြီ။ အမှောင်ထုနှင့်အတူ ကီဇီးလ်မြို့လေးသည် နီယွန်မီးရောင်စုံအလှများဖြင့် အသွင်သစ်စွာ တောက်ပလာခဲ့ပြန်ပါသေးသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံမှသည် မြန်မာနိုင်ငံဆီ

အချိန်ကား ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းပင်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တူဗားပြည်နယ် ကီဇီးလ်မြို့ရှိအထင်ကရနေရာများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများသို့ သွားရောက်ကြည့်ရှုခဲ့သေးသည်။ အဆိုပါနေရာများမှာ အာရှတိုက်၏ ပထဝီဝင်ဗဟိုချက်မအထိမ်းအမှတ် ကျောက်တိုင်နေရာ၊ အမျိုးသားတေးဂီတနှင့် ပြဇာတ်ရုံများပင်ဖြစ်၏။

မြစ်ကမ်းနံဘေးရှိ အာရှတိုက်၏ အလယ်ဗဟိုနေရာဖြစ်သောThe Center of Asia ကျောက်တိုင်သို့ သွားရောက်လှည့်လည်ကြည့်ရှုကြသည်။ The Center of Asia ကျောက်တိုင်တည်ရှိသည့် ပန်းခြံသည် Great Yenisei နှင့် Little Yenisei မြစ်နှစ်စင်းဆုံစည်းရာ Yenisei မြစ်ကမ်းနံဘေး မြောက်လတ္တီတွဒ် ၅၁ ဒီဂရီ ၄၂ မိနစ် ၄၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၇ မိနစ် ၃၈ စက္ကန့်တွင် တည်ရှိ၏။ တူဗားပြည်နယ်၏ အထင်ကရနေရာတစ်ခုပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"သို့ရောက်ရှိခဲ့ကြပြန်သည်။ တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့ကလည်း ကမ္ဘာကျော်တူဗားရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့်သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေကပြတင်ဆက်ကြသည်။



တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ"V .Kok – ool အဆောက်အအုံကို တွေ့ရစဉ်။



တူဗားပြည်နယ် အမျိုးသားပြတိုက်အဆောက်အအုံကိုတွေ့ရစဉ်။

ဖျော်ဖြေတင်ဆက်မှုအပြီး၌ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ်အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"၏သမိုင်းမှတ်တမ်းပြခန်းအား လှည့်လည်ကြည့်ရှုလေ့လာခဲ့သေး၏။

တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool" သည်ကီဇီးလ်မြို့၏ ဗဟိုချက်မဖြစ်သော Arat Square (အာရက်ရင်ပြင်)တွင်တည်ရှိပြီး ၁၉၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။ တူဗားပြည်နယ်၏ထင်ရှားကျော်ကြားသော သရုပ်ဆောင်၊ စာရေးဆရာနှင့်ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြု၍ နာမည်ပေးထားခြင်းဖြစ်သည်။ အမျိုးသားဂီတနှင့်ပြဇာတ်ရုံတွင် ကမ္ဘာကျော် တူဗားရိုးရာ လည်ချောင်းသံသီချင်းများနှင့် ရိုးရာတူရိယာပစ္စည်းများ အသုံးပြု၍ တီးခတ်သီဆိုသရုပ်ဖော်တင်ဆက်ခြင်းများကို တူဗားဘာသာစကား၊ ရုရှားဘာသာစကားတို့ဖြင့် ကဏ္ဍအလိုက် တင်ဆက်လေ့ရှိကြောင်းသိရှိရသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသော တူဗားလူမျိုးများ၏ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်များ၊ လူမျိုးရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာအဆင်တန်ဆာများ၊ ရှေးယခင်က အမဲလိုက်ရာတွင်အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများနှင့် တူဗားလူမျိုးများ ဝတ်စားဆင်ယင်ခဲ့သည့် ရိုးရာဝတ်စုံများ၊ တူဗားဒေသရှိ ယခင်က နေထိုင်မှုပုံစံများကို သရုပ်ပြခန်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

တူဗားပြည်နယ်အမျိုးသားပြတိုက်အား ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုပြတိုက်နေရာသို့ ၂၀၀၈ ခုနှစ်တွင်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့၏။ ပြတိုက်သည် တူဗားလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်းထိန်းသိမ်းပြသထားသည့်နေရာတစ်ခုလည်းဖြစ်သည်။ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ရှားပါးအသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လူမျိုးရေးဆိုင်ရာပစ္စည်းများ၊ နတ်ကိုးကွယ်ယုံကြည်မှု ဗုဒ္ဓဘာသာနှင့် အော်သိုဒေါ့တို့၏ ဘာသာရေးဆိုင်ရာပြခန်းများ၊ တူဗားလူမျိုးတို့၏ မဟာမျိုးချစ်စစ်ပွဲတွင် ပါဝင်မှုပြခန်းများ အပါအဝင် ပြခန်းပေါင်း ၂၄ ခန်းကို ခင်းကျင်းပြသထား၏။ တူဗားပြည်နယ်အမျိုးသားပြတိုက်သည် တူဗားပြည်နယ်၏ ထူးခြားသော သမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းထားရှိသည့် နေရာတစ်ခုဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသေးသည်။

## တူဗားပြည်နယ်အကြောင်း

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ တူဗားပြည်နယ်၏ မြို့တော်တစ်ခုဖြစ်သည်။ တူဗားပြည်နယ်သည် ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်ပြီး မြေမျက်နှာသွင်ပြင်များမှာ ထူးခြား၏။ Sayan Mountains နှင့် Altai Mountains တို့က ဒေသကို ဝန်းရံထားပြီး အလယ်ပိုင်းတွင်ကျယ်ပြန့်သည့် ချိုင့်ဝှမ်းလွင်ပြင်များရှိသည်။ ဒေသအတွင်း Yenisei မြစ်ကဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်များစွာအထောက်အကူပြုလျက်ရှိသည့် မြစ်တစ်ခုလည်းဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများတွင် မြင်းမွေးမြူခြင်းသည် တူဗားဒေသ၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်ပါဝင်ပြီး တူဗားဒေသတွင်နေထိုင်ကြသူများ၏ ဘာသာစကား၊ ဂီတ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယုံကြည်မှုများသည် အလယ်အာရှနှင့် ဆိုက်ဘေးရီးယားဒေသယဉ်ကျေးမှုများကို ပေါင်းစပ်ထားသည့်ပုံစံပင်ဖြစ်သည်။

တူဗားဒေသသည် တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေါ့ခရစ်ယာန်ဘာသာနှင့် ရှာမန်နတ်ကိုးကွယ်မှုများ ယှဉ်တွဲတည်ရှိသည့် ယဉ်ကျေးမှုအစဉ်အလာများကို ကောင်းမွန်စွာထိန်းသိမ်းထားသည့်နေရာဖြစ်ကြောင်းသိခဲ့ရ၏။ တူဗားဒေသ၏ မြို့တော်ဖြစ်သည့် ကီဇီးလ်မြို့တွင် ရုရှားနိုင်ငံ၏အကြီးဆုံးဗုဒ္ဓဘုရားကျောင်းတော်တည်ရှိပြီး ဗုဒ္ဓဘာသာတက္ကသိုလ်ကိုလည်းဖွင့်လှစ်ထားရှိသေးသည်။ (၄)ကြိမ်မြောက် နိုင်ငံတကာ ဗုဒ္ဓဘာသာဖိုရမ်ကို မကြာခင်ကကျင်းပပြုလုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် နိုင်ငံရေးဘက်မှ ထင်ရှားသည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အဆိုတော်တစ်ဦးတည်းမှနေ၍ မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းသံ စသည်များကိုအသံတုများအဖြစ်ဖန်တီးသီဆိုသည့် တူဗားဒေသ၏ ထင်ရှားသော ရိုးရာဂီတ၊ ဆောင်းရာသီတွင် အလွန်အေးမြပြီး နွေရာသီတွင် နေ့အပူချိန်မြင့်မားတတ်သည့် သဘာဝ၊ ယဉ်ကျေးမှုများနှင့် လှပသည့်သဘာဝတောတောင်ရေမြေများနှင့် သမိုင်းကြောင်းများစသည်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားဒေသကို

စာမျက်နှာ ၇ သို့ ▲

▲ စာမျက်နှာ ၆ မှ
ခြယ်သထားသော အလှအပများပင်ဖြစ်ပါသည်။

ဩဂုတ်လ ၁၇ ရက်နေ့တွင် စတင်ခဲ့သော ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်နေ့ရက်များသည် ပြီးမြောက်ကုန်လွန်ခဲ့ပါပြီ။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ပြန်ရန် ကီဇီးလ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပါပြီ။ လေဆိပ်၌ နိုင်ငံတော်အကြီးအကဲနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်နယ်အကြီးအကဲဦးဆောင်သော တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ခရီးစဉ်ပြီးမြောက်၍ အမိမြန်မာနိုင်ငံဆီသို့ ဦးတည်ပျံသန်းခဲ့လေတော့သည်။

အချိန်ကား အမိမြန်မာနိုင်ငံ၏ ဒေသစံတော်ချိန် ညနေပိုင်းပင်။ မိုးသားတိမ်တိုက်များဖြင့် အုံ့မှိုင်းနေသော မှိုင်းညို့ညို့ရာသီဥတုက နိုင်ငံတော်အကြီးအကဲနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဆီးကြိုနေသလိုပင်။ အထူးလေယာဉ်သည် နေပြည်တော်လေဆိပ်သို့ ဆင်းသက်လာခဲ့လေပြီ။ လေဆိပ်တွင် ဒုတိယသမ္မတနှစ်ဦး ဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက နိုင်ငံတော်အကြီးအကဲနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုနေကြ၏။ ခရီးစဉ်၏ အောင်မြင်မှုများကား အပြုံးကိုယ်စီများကသက်သေပင်ဖြစ်သည်။ ခရီးစဉ်၏နေ့ရက်များနှင့်အတူ မြင်တွေ့လာရသည်မှာ မြန်မာနိုင်ငံ၏ ပထဝီတန်ဖိုး၏ အရေးပါမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထဝီတန်ဖိုးကို ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ နှစ်နိုင်ငံစလုံး ကောင်းစွာသိရှိထားပြီးဖြစ်လိမ့်မည်။ နိုင်ငံတော်အကြီးအကဲသည်လည်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး မြေပထဝီပိုင်ဆိုင်မှု၊ စီးပွားရေးစကြ်ာလမ်းကြောင်းများအပေါ် အချက်အချာကျကျတည်ရှိနေမှု၊ မြေသယံဇာတ၊ လူသားအရင်းအမြစ်ပိုင်ဆိုင်မှုတို့ကို အသေးစိတ်ချပြပြီး နှစ်နိုင်ငံစလုံးနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်သွားနိုင်ခဲ့သည်။ ကဏ္ဍစုံ၌ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍများအတွက် ရှေ့တိုးလုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရသည်။ ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ထုတ်ကုန်လုပ်ငန်းများ၏ တိုးတက်အောင်မြင်စွာ လည်ပတ်နိုင်မှုသည် နိုင်ငံတော်အကြီးအကဲအတွက် လိုလားချက်နှင့်အနီးစပ်ဆုံးတူညီသည့်အခြေအနေတစ်ခုဖြစ်သည်။ ထို့ကြောင့် မည်သို့လုပ်ဆောင်မည်ကို နိုင်ငံတော်အကြီးအကဲအတွက် ရလဒ်တစ်ခုကို ထွက်ပေါ်စေခဲ့ပါသည်။ အာဆီယံဒေသတွင်းနိုင်ငံများသို့လည်း နိုင်ငံတော်အကြီးအကဲ ဆက်လက်ခရီးထွက်ဦးမည်ဟုသိရသည်။ မည်သို့ဆိုစေ အာဆီယံအတွင်း ရလဒ်ကောင်းအချို့ ပိုင်ဆိုင်လာပေဦးမည်။

မြန်မာသည် ရုရှား-အာဆီယံအတွက် အမြဲအသင့်ရှိနေကြောင်းစကားကို ရုရှားနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင် လွန်စွာသဘောကျခဲ့သည်ဟုဆိုရမည်။ ထို့အတွက် ရုရှားနိုင်ငံနှင့် မိမိတို့နိုင်ငံသည် ယုံကြည်မှုကို ခိုင်ခိုင်မာမာစိုက်ထူနိုင်ခဲ့ပြီဟု တထစ်ချယုံကြည်ရပေမည်။ ဘယ်လာရုစ်နိုင်ငံသမ္မတသည် မြန်မာနိုင်ငံအတွက် အသင့်ရှိပြီး မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် စိတ်ရောကိုယ်ပါကူညီပေးမည်ဆိုသော ရလဒ်သည် နိုင်ငံတော်အကြီးအကဲအတွက် ခွန်အားများစွာဖြစ်စေခဲ့ပါမည်ဟု ယုံကြည်ပါသည်။ အကျဉ်းချုံးကြည့်လျှင် ရုရှား-မြန်မာ၊ မြန်မာ-ဘယ်လာရုစ်တို့၏ (၇) ရက်တာတရားဝင်သွားရောက်သည့် ခရီးစဉ်သည် အောင်မြင်သည်ဆိုခြင်းထက် နိုင်ငံများအကြား မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်စေခြင်း၊ ယုံကြည်ရသောမိတ်ဖက်နိုင်ငံများအဖြစ် အပြန်အလှန်သတ်မှတ်နိုင်ခြင်းများအထိ ခရီးရောက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

အချုပ်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏ ရုရှား-မြန်မာခရီးစဉ်၊ မြန်မာ-ဘယ်လာရုစ်ခရီးစဉ်တို့ကား မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရုံသာမက နိုင်ငံများအကြားခိုင်မာသော ယုံကြည်မှု သမိုင်းမှတ်တိုင်များကိုပါ အောင်မြင်စွာ စိုက်ထူနိုင်ခဲ့ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတော့သည်။ ။



# ပြည်မြို့နယ်အတွင်းရှိ မူလတန်းကြိုကျောင်းများ၌ ကလေးငယ်များအား အာဟာရဒါနကျွေးမွေးလှူဒါန်း

ပြည် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်သည် ပြည်ခရိုင်နှင့် ပြည်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းများသို့သွားရောက်၍ ကလေးငယ်များအား အာဟာရကျွေးမွေးခြင်းနှင့် ကျောင်းလုပ်ငန်းများကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်မြို့ ရွှေကူရပ်ကွက်နှင့် ခေတ္တရာရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းတို့သို့သွားရောက်ပြီး ကလေးငယ်များအား အာဟာရပြည့်ဝသောအစားအစာများကျွေးမွေးကာ ကလေးငယ်များကစားကွင်းအတွင်း ပျော်ရွှင်စွာကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်နှင့် တာဝန်ရှိသူများက မူလတန်းကြိုကျောင်းများရှိ ကလေးငယ်များ၏ ကျန်းမာရေး၊ အာဟာရနှင့် ပညာသင်ယူရေးဆိုင်ရာ လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

(၄၁၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သံလွင်မြစ်ရေ၊ စစ်တောင်းမြစ်ရေ၊ သောင်ရင်းမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၂၃

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၄ လက်မခန့်ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၂ ပေ ၁၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၆ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၁ လက်မခန့်အလိုတွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နှင့်မြဝတီမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်၊ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# တိုက်ကြီးမြို့နယ်၌ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီဦးက အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာခြင်းသည် နိုင်ငံနှင့်လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးငယ်များ၏ စီးပွားရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရန် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူမှုအဖွဲ့အစည်းအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများ၏ ဦးဆောင်မှုအခန်းကဏ္ဍများ ရရှိရေးနှင့် အမျိုးသမီးတိုင်း မိမိကိုယ်ကို ယုံကြည်မှုရှိရှိဖြင့် လုပ်ကိုင်နိုင်ရေးကို အသိပညာပေးဟောပြောသည်။



ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကိုပြသရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ASO တက်တိုင်း လေးဖက်နာမဟုတ်ပါ

ဒေါက်တာအောင်ညွန့်ပိုင်

မြန်မာနိုင်ငံ၏ကျန်းမာရေးလောကနှင့် လူထုကြား နှစ်ပေါင်းများစွာ အမြစ်တွယ်နေခဲ့ပြီး ယနေ့တိုင် အမှန်ပြင်ရန်ခက်ခဲနေဆဲ အယူအဆအလွဲတစ်ခု ရှိသည်။ ယင်းမှာ သွေးစစ်ချက်တွင် ASO (Antistreptolysin O) ပမာဏတက်နေလျှင် လေးဖက်နာရောဂါ (Rheumatic Fever) ရှိနေပြီဟု အလွယ်တကူ ကောက်ချက်ချကာ ပင်နီဆီလင်ဆေးဝါးများကို နှစ်ရှည်လများ သောက်ခိုင်း၊ ထိုးခိုင်းနေသည့်ကိစ္စပင်ဖြစ်သည်။

အဆစ်အမျက်အနည်းငယ်ကိုက်ရုံ၊ နာရုံဖြင့် ဆေးခန်းများသို့ ရောက်လာသောလူနာများကို ASO သွေးစစ်ခိုင်းပြီး ယင်းပမာဏတက်နေသည်နှင့် လေးဖက်နာပိုးတွေ့ရှိသည်ဟု အလွယ်တကူနာမည်တပ်လေ့ရှိကြသည်။ အမှန်စင်စစ် ဤသည်မှာ လွဲမှားနေသောအယူအဆတစ်ခုသာဖြစ်ပြီး လူနာများစွာကို မလိုအပ်ဘဲ ဆေးဝါးများ နှစ်ရှည်လများစွဲသောက်ရသည့် ဝန်ထုပ်ဝန်ပိုးနှင့် ဘေးထွက်ဆိုးကျိုးများ ခံစားရစေသည်။

## ASO ဆိုသည်မှာ အဘယ်နည်း

ASO ဆိုသည်မှာ ရောဂါပိုးမဟုတ်သကဲ့သို့ လေးဖက်နာရောဂါ ရှိ၊ မရှိပြသသည့် အညွှန်းကိန်းလည်း မဟုတ်ဘဲ ပဋိပစ္စည်းသာဖြစ်သည်။ ခန္ဓာကိုယ်ထဲသို့ Group A Streptococcus ခေါ် ဗက်တီးရီးယားပိုးဝင်ရောက်လာသည့်အခါ ထိုပိုးကထုတ်လွှတ်သော အဆိပ်အတောက်ကို ပြန်လည်တိုက်ဖျက်ရန် ကျွန်ုပ်တို့၏ခုခံအားစနစ်မှထုတ်လုပ်လိုက်သော ပဋိပစ္စည်းတစ်မျိုးသာဖြစ်သည်။

သွေးထဲတွင် ASO တက်နေခြင်းသည် လူနာတွင် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ် သို့မဟုတ် လပိုင်းခန့်က Streptococcus ဗက်တီးရီးယားပိုး ကူးစက်မှု(ဥပမာ- လည်ချောင်းနာခြင်း၊ အာသီးရောင်ခြင်း သို့မဟုတ် အရေပြားနာဖြစ်ခြင်း) တွေ့ကြုံခဲ့ဖူးသည်ဟူသော အထောက်အထားမျှသာဖြစ်သည်။

ဤခုခံဓာတ်သည် သွေးထဲတွင် လနှင့်ချီ၍ (တစ်ခါတစ်ရံ နှစ်နှင့်ချီ၍) ဆက်လက်မြင့်မားနေတတ်သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် မည်သည့်ရောဂါမျှ မရှိဘဲ ကျန်းမာနေသူတစ်ဦး၌လည်း ASO စစ်လျှင် တက်နေနိုင်သည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လူနေမှုအဆင့်အတန်းအားနည်းချက်များကြောင့် ကလေးဘဝနှင့်လူငယ်ဘဝတွင် လည်ချောင်းနာခြင်းနှင့် အရေပြားပြည်တည်နာများ ဖြစ်ပွားမှုနှုန်းအလွန်မြင့်မားသည်။ လမ်းဘေးစာ၊ ဖုန်မှုန့်များနှင့် ရာသီဥတုဒဏ်ကြောင့် လူတိုင်းနီးပါး Streptococcus ပိုးနှင့် မပြတ်ထိတွေ့နေကြရသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ သာမန်ကျန်းမာသန်စွမ်းသော လူတစ်ယောက်ကိုခေါ်ယူပြီး ASO သွေးစစ်ကြည့်မည်ဆိုလျှင်ပင် အတိတ်က ပိုးဝင်ဖူးသည့် ရာဇဝင်ကြောင့် ASO ပမာဏတက်နေသည်ကို အများအပြားတွေ့ရမည်ဖြစ်သည်။ ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိဘဲ သွေးစစ်ချက်တစ်ခုတည်းပေါ်မူတည်၍ လေးဖက်နာရောဂါဟု အမည်တပ်ခြင်းသည် ဆေးပညာအရ လုံးဝအဓိပ္ပာယ်မရှိပေ။

**"အဆစ်အမျက်အနည်းငယ်ကိုက်ရုံ၊ နာရုံဖြင့် ဆေးခန်းများသို့ ရောက်လာသောလူနာများကို ASO သွေးစစ်ခိုင်းပြီး ယင်းပမာဏတက်နေသည်နှင့် လေးဖက်နာပိုးတွေ့ရှိသည်ဟု အလွယ်တကူနာမည်တပ်လေ့ရှိကြသည်။ အမှန်စင်စစ် ဤသည်မှာ လွဲမှားနေသောအယူအဆတစ်ခုသာဖြစ်ပြီး လူနာများစွာကို မလိုအပ်ဘဲ ဆေးဝါးများ နှစ်ရှည်လများစွဲသောက်ရသည့် ဝန်ထုပ်ဝန်ပိုးနှင့် ဘေးထွက်ဆိုးကျိုးများ ခံစားရစေသည် . . ."**

## ဆေးပညာစံနှုန်းထဲတွင် ASO မပါဝင်ပါ

လေးဖက်နာရောဂါ ရှိ၊ မရှိကို ဆေးပညာလောကတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများနှင့် ဆရာဝန်များက Modified Jones Criteria ဟုခေါ်သော စံသတ်မှတ်ချက်များဖြင့်သာ အတည်ပြုရောဂါရှာဖွေရသည်။ ဤသတ်မှတ်ချက်တွင် ရောဂါလက္ခဏာများကို အဓိက (Major Criteria) နှင့် အရန် (Minor Criteria) ဟူ၍ ခွဲခြားထားသည်။

### အဓိကအချက်များ

- နှလုံးကြွက်သား သို့မဟုတ် နှလုံးအဆို့ရှင် ရောင်ရမ်းခြင်း။
- အဆစ်အမျက်များ အလှည့်ကျရောင်ရမ်းနာကျင်ခြင်း (ယနေ့ ခြေဆစ်နာလျှင် နောက်တစ်နေ့တွင် လက်ဆစ်ပြောင်းနာခြင်း)။
- စိတ်အလိုမကျဘဲ ကြွက်သားများ အလိုအလျောက်တုန်ခါလှုပ်ရှားခြင်း။
- အရေပြားပေါ်တွင် ကွင်းဝိုင်းသဏ္ဌာန်အနီကွက်များ ထွက်လာခြင်း။
- အရေပြားအောက်တွင် အဖုအကျိတ်လေးများ စမ်းမိခြင်း။

### အရန်အချက်များ

- အဆစ်များနာခြင်း။
- ဖျားခြင်း။
- သွေးထဲတွင် ESR သို့မဟုတ် CRP ဟုခေါ်သော အညွှန်းကိန်းများတက်နေခြင်း။
- နှလုံးလျှပ်စစ်လှိုင်းစစ်ချက် (ECG) တွင် PR interval ရှည်နေခြင်း။

အထက်ပါစံသတ်မှတ်ချက်များကိုကြည့်လျှင် ASO တက်ခြင်းသည် အဓိကအချက်တွင်သာမက အရန်အချက်များတွင်ပါ လုံးဝမပါဝင်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ASO သည် လေးဖက်နာရောဂါကို ဆုံးဖြတ်ပေးသည့် သတ်မှတ်ချက်မဟုတ်ဘဲ လေးဖက်နာမဖြစ်ခင်က Streptococcus ပိုးဝင်ဖူးကြောင်း အထောက်အထားပြချက် (Supporting evidence of preceding streptococcal infection) မျှသာဖြစ်သည်။

ဆိုလိုသည်မှာ လေးဖက်နာရောဂါဖြစ်ဖို့ဆိုလျှင် အထက်ပါအဓိကနှစ်ချက် သို့မဟုတ် အဓိကတစ်ချက် + အရန်နှစ်ချက်နှင့်အတူ အတိတ်ကပိုးဝင်ဖူးကြောင်း အထောက်အထား (ဥပမာ – ASO တက်ခြင်း) ရှိရမည်ဖြစ်သည်။ အဆစ်ရောင်ခြင်း၊ နှလုံးရောင်ခြင်း စသည်တို့ လုံးဝမရှိဘဲ ASO တစ်ခုတည်းတက်နေရုံဖြင့် လေးဖက်နာဟုသတ်မှတ်၍ လုံးဝမရနိုင်ပေ။

## နှစ်ရှည်လများ ပင်နီဆီလင်သောက်ရခြင်းဒုက္ခ

လူနာက အဆစ်နာသည်ဟုပြောသည်နှင့် ASO စစ်သည်။ ASO တက်နေသည်နှင့် လေးဖက်နာဟု အလွယ်အမည်တပ်ကာ ပင်နီဆီလင်သောက်ဆေးများကို နှစ်နှစ်၊ သုံးနှစ် သို့မဟုတ် ငါးနှစ်အထိ စွဲသောက်ခိုင်းတတ်ကြသည်။

တချို့လူနာများသည် မိမိကိုယ်ကို အမှန်တကယ်လေးဖက်နာရောဂါဖြစ်နေပြီဟု ထိတ်လန့်ကာ ဆေးကိုမပြတ်သောက်ကြသည်။ သို့သော် နောက်ပိုင်းတွင် ဆေးပညာဆိုင်ရာစာပေများကို ကိုယ်တိုင်လေ့လာဖတ်ရှုမိမှ သို့မဟုတ် ခေတ်မီ Guideline များကို လိုက်နာသော ဆရာဝန်များနှင့် ပြသမိမှသာ ယင်းတို့သည် လေးဖက်နာမဟုတ်ကြောင်း သိရှိပြီး ဆေးရပ်လိုက်ကြရသည့် အဖြစ်အပျက်များစွာရှိသည်။

## မလိုအပ်ဘဲ ပင်နီဆီလင် နှစ်ရှည်သောက်ခြင်း၏ဆိုးကျိုးများ

**ဆေးယဉ်ပါးမှုအန္တရာယ်–** ပိုးသတ်ဆေးတစ်မျိုးကို မလိုအပ်ဘဲ ရေရှည်သောက်သုံးခြင်းကြောင့် ခန္ဓာကိုယ်အတွင်းရှိ ဗက်တီးရီးယားများ ဆေးယဉ်ပါးကုန်ပြီး နောင်တွင် အသက်အန္တရာယ်ရှိသော ပိုးဝင်ခြင်းများကြုံရချိန်၌ ဆေးမတိုးတော့သည့်ဒုက္ခနှင့် ရင်ဆိုင်ရနိုင်သည်။

**အစာအိမ်နှင့် အူလမ်းကြောင်းပြဿနာများ–** ပင်နီဆီလင်ကို နေ့စဉ်ရက်ဆက်သောက်ခြင်းကြောင့် အူလမ်းကြောင်းရှိ ကောင်းမွန်သောအကျိုးပြု ဗက်တီးရီးယားများပျက်စီးပြီး အစာမကြေခြင်း၊ ဝမ်းပျက်ခြင်းနှင့် အစာအိမ်ရောင်ခြင်းများဖြစ်စေသည်။

## နိဂုံးချုပ်နှင့် အကြံပြုချက်

ခေတ်မီဆေးပညာအရ ASO တက်ခြင်းသည် လေးဖက်နာမဟုတ်ပေ။ ASO ဆိုသည်မှာ လွန်ခဲ့သော လပိုင်းက လည်ချောင်းနာဖူး၊ အရေပြားနာဖြစ်ဖူးရုံမျှဖြင့် မြင့်တက်နေနိုင်သော ကိုယ်ခံအားအမှတ်အသားတစ်ခုသာဖြစ်သည်။

အကယ်၍ သင်သည် အဆစ်အမျက်များနာကျင်ကိုက်ခဲနေပါက ရိုးရိုးကြွက်သားနာခြင်း၊ ဂေါက်ရောဂါ၊ အဆစ်ရောင်ရမ်းနာ စသည့်တခြားသောအကြောင်းရင်းများစွာဖြစ်နိုင်သည်။ ထို့ကြောင့် ASO အဖြေတစ်ခုတည်းကိုကြည့်ပြီး မိမိကိုယ်ကို လေးဖက်နာပိုးရှိနေပြီဟု အလွယ်တကူကောက်ချက်မချပါနှင့်။ မလိုအပ်ဘဲ Pen V ကဲ့သို့သော ပိုးသတ်ဆေးများအား နှစ်ရှည်လများ သောက်သုံးခြင်းကို ရှောင်ကြဉ်သင့်သည်။

မိမိကျန်းမာရေးအတွက် သံသယရှိပါက သွေးစစ်ချက်တစ်ခုတည်းပေါ်မူတည်၍ ဆေးပေးတတ်သော အလေ့အထဟောင်းများအစား ရောဂါလက္ခဏာများကို Modified Jones Criteria ဖြင့် သုံးသပ်ပေးမည့် အထူးကုဆရာဝန်များနှင့် သေချာစွာ တိုင်ပင်ဆွေးနွေး ကုသမှုခံယူကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

---

# မိုးရာသီကာလတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ပြည်သူများသို့ အသိပေးနှိုးဆော်

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီကာလတွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်းကို ဩဂုတ်လ ၂၂ ရက်က ရပ်ကွက်၊ ကျေးရွာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တွံတေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး အဆင့်(၁) ဦးလှစိုး၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မိမိတို့၏မိသားစုများထံ ကူးစက်ဖြစ်ပွားမှုမရှိစေရန် အစားအစာများမကိုင်တွယ်မီ၊ အစာမစားမီနှင့် သန့်စင်ခန်းအသုံးပြုပြီးချိန်တိုင်း လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စနစ်တကျဆေးကြောရန်၊ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးရန်၊ ပူပူနွေးနွေးစားသုံးရန်၊ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ထားရန်၊ ကလိုရင်းဆေး သို့မဟုတ် ရေသန့်ဆေးပြားခတ်ထားသည့် ရေကိုသာ သောက်သုံးရန်၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါခံစားရပါက ခန္ဓာကိုယ်တွင်းမှ ဆုံးရှုံးသွားသည့် ရေနှင့်ဓာတ်ဆားများ ဖြည့်တင်းရန်၊ ဓာတ်ဆားရည်ကို စနစ်တကျဖျော်စပ်၍ ဝင်အောင်သောက်ရန်၊ အသက် ငါးနှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ နာတာရှည်ရောဂါအခံရှိသူများနှင့် သက်ကြီးရွယ်အိုများ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားပါက အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ဓာတ်ဆားရည်တိုက်ပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနများသို့ ပို့ဆောင်ရန် စသည်တို့ကို အသံချဲ့စက်များဖြင့် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။



မျိုးလှိုင်

# ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ



**လှိုင်းဘွဲ့ ဩဂုတ် ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ (က)ရပ်ကွက် အောင်မြေသာယာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကရင်တိုင်းရင်းသားအားလုံးတို့၏ ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သော ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်းနှင့်ရေစက်သွန်းချအမျှဝေခြင်းတို့ကို ဆောင်ရွက်သည်။ ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလင်းခင်၊ ကရင်အမျိုးသားမျိုးနွယ်စု အသင်းဥက္ကဋ္ဌ ဦးအုန်းတင်တို့က ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား နှစ်စဉ်ကျင်းပရခြင်းရည်ရွယ်ချက်ကို ပြောကြားကြသည်။

ဆက်လက်၍ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ စာတမ်းကို မြန်မာဘာသာနှင့်ကရင်ဘာသာတို့ဖြင့် ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဖတ်ကြားခြင်းနှင့် လိပ်ပြာမောင်နှံခုနစ်ဖော်အားဖိတ်ခေါ် ခဲ့ကြပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် တက်ရောက်လာသော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်အမျိုးသားမျိုးနွယ်စု အသင်းအဖွဲ့ဝင်များနှင့် ပရိသတ်များက တစ်ဦးနှင့်တစ်ဦး ချည်ဖြူဖွဲ့ခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းနှင့် ကရင်တိုင်းရင်းသား လူငယ်မောင်မယ်များက ကရင်ရိုးရာ တေးသီချင်းများ၊ စည်းလုံးညီညွတ်ခြင်း တေးသီချင်းများဖြင့် ကပြဖျော်ဖြေပေးကြောင်း သိရသည်။

**စောဒီ(ပြန်/ဆက်)**

# အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**မင်းဘူး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ကန်ရေ(၁)ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်၊ သင်တန်းထွက်ကုန်ချောပစ္စည်းများနှင့် ထူးချွန်ဆုရရှိသည့် သင်တန်းသူငါးဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းသို့ ကန်ရေ(၁)ကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကို ဇူလိုင်လ ၄ ရက်မှ ဩဂုတ်လ ၂၀ ရက်အထိ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ အဆိုပါသင်တန်းမှ အမှန်တကယ်ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်ဆုရ သင်တန်းသူငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများကို သုံးစွဲခွင့်ပြု၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်း ၂၅၇၇ ဧက စိုက်ပျိုးမည်



**ပွင့်ဖြူ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၅၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်း ၂၅၇၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် ဆောင်ရွက်သွားမှာပါ။ ဖူးစားပြောင်း စိုက်ပျိုးမယ့်တောင်သူတွေကိုလည်း ဖူးစားပြောင်း သီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းများ ကောင်းမွန်စေဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဖူးစားပြောင်း စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေမှန်မျိုးမှန် စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာသင်တန်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ တောင်သူပညာပေးကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စသည့်အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ကောင်းကျိုးစုံလင် ခရီးစဉ်

❒ နိုင်ငံတော်သမ္မတ၊ ပြည်ပခရီးစဉ်
ထင်ရှားမြင်တွေ့၊ ချမ်းမြေ့ဖွယ်ပင်
နိုင်ငံတိုင်းတွင်၊ တွေ့မြင်လှိုက်လှဲ။
ကောင်းကျိုးတူယှဉ် စွမ်းဆောင်လျှင်
မှန်ပင် ချစ်ခင် မြဲသည်နှင့်လေး။

❒ လွန်စွာထူးကဲ၊ အောင်ပွဲသို့ပင်
ခေါင်းဆောင်ချင်းချင်း၊ ရင်းနှီးချစ်ခင်
လျှောက်လှမ်းတူယှဉ်၊ လန်းရွှင်ကြည်မွေ့။
တက်ကြွရွှင်စွာ ပူးပေါင်းကာ
စိတ်မှာ ချမ်းမြေ့သည်နှင့်လေး။

❒ ဖိတ်ကြားဆုံတွေ့ ယနေ့ချိန်ခါ
နှစ်ရှည်လများ တိုးပွားသေချာ
ဩဝါဒကျေစွာ ကြည်သာရွှင်ပြုံး။
ကဏ္ဍစုံလင် မိတ်ဖက်မြင်
လုပ်ခွင်ကျင့်ထုံး သုံးမည်နှင့်လေး။

❒ လူတို့နှလုံး အမုန်းကင်းစေချင်
တိုင်းပြည်ကောင်းကျိုး တိုးပွားမှုတွင်
ကောင်းသောအမြင် ကြည်လင်စိတ်ထား။
ဝမ်းမြောက်ဝမ်းသာ မင်္ဂလာ
စဉ်လာပြည်ကျိုး များမည်နှင့်လေး။

❒ မြန်မာရုရှား စီးပွားရေးမှာ
ဘယ်လာရစ်လည်း တူတွဲယှဉ်ကာ
အနာဂတ်မှာ များစွာဖွံ့ဖြိုး။
လူသားကမ္ဘာ ပျော်ရွှင်စွာ
သာယာမှုပေါင်း တိုးသည်နှင့်လေး။

❒ တိုင်းပြည်ကောင်းကျိုး သယ်ပိုးခရီးစဉ်
နိုင်ငံတော်ကြီးကဲ အမြဲအောင်ပန်းဆင်
ထင်ရှားစွာပင် မျက်မြင်ကြိုးပမ်း။
နိုင်ငံဂုဏ်ရောင် ထူးကဲဆောင်
သားမောင်ရွှေအိုး ထမ်းသည်သို့လေး။

❒ မျှော်မှန်းလျက်သာ ပြည်မြန်မာ
ပညာတိုးတော့မည်။
ကြိုးပမ်းညီညာ ထမ်းရွက်ကာ
သာယာဖြိုးပေါ့အတည်။ ။

**အာကာမောင်မောင်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှု၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**မေး။ ။ အခု သွားရောက်ခဲ့တဲ့ ရုရှားနိုင်ငံ ခရီးစဉ်ကနေ ဘယ်လိုမျိုး အကျိုးကျေးဇူးတွေ ရရှိခဲ့တယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ ရုရှားခရီးစဉ်မှာ မြန်မာနဲ့ ရုရှား နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်လေးစားမှု ဒါတွေကို မြှင့်တင်နိုင်ခဲ့ပါတယ်။ ဒ့ါပြင် နိုင်ငံရဲ့ စီးပွားရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အာကာသနှင့် နည်းပညာကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ စွမ်းအင်ကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ကျွန်မတို့ Head of State အချင်းချင်း၊ Head of Government၊ Ministry level၊ University level အချင်းချင်း စသည်ဖြင့် အဆင့်စုံ ဆွေးနွေးနိုင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးဆိုရင် Meeting ပေါင်း ၁၅ ခု ဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။ ဒီခရီးစဉ်မှာ G to G MoU ၁၂ ခု ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ သမ္မတနှစ်ဦးရဲ့ တွေ့ဆုံမှုက နှစ်နိုင်ငံဆက်ဆံရေးအတွက် ဘယ်လောက်ထိ အရေးပါပါသလဲ။**

**ဖြေ။** ။ တစ်နည်းအားဖြင့် နိုင်ငံ့ခေါင်းဆောင်နှစ်ဦး ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှု၊ ဒီကနေမှ တစ်ဆင့် အဆင့်မြင့်ဆွေးနွေးမှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီအဆင့်မြင့်ဆွေးနွေးမှုတွေကနေတစ်ဆင့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ရုရှားသမ္မတကြီး ပြောကြားတာက နှစ်နိုင်ငံဆက်ဆံရေးဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန်ယုံကြည်လေးစားမှု၊ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ဖို့၊ တစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားဖို့၊ နောက်တစ်ခါ International မျက်နှာစာမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံအပြန်အလှန် အမှီသဟဲပြုပြီး အပြန်အလှန်ထောက်ပံ့ကူညီဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံကိုလည်း အရှေ့တောင်အာရှမှာ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေရင်းနိုင်ငံတစ်ခုလို့ သတ်မှတ်ထားတယ်လို့လည်းဆိုပါတယ်။ ဒါဟာ ကျွန်မတို့ ဒီခေါင်းဆောင်နှစ်ဦး တွေ့ဆုံမှုကနေတစ်ဆင့်မဟာဗျူဟာမြောက်ဆက်ဆံရေး၊ တစ်နည်းအားဖြင့် ရေရှည်အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအတွက် အများကြီးအထောက်အကူပြုတယ်လို့ ဆိုနိုင်ပါတယ်။

**မေး။ ။ ဒီခရီးစဉ်က မြန်မာနိုင်ငံရဲ့ စီးပွားရေးအတွက် လက်တွေ့ ရရှိမယ့် အကျိုးကျေးဇူးတွေကိုလည်း သိပါရစေ။**

**ဖြေ။** ။ ဒီခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ကုန်သွယ်ရေးတိုးမြှင့်ဖို့၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ မြန်မာနိုင်ငံမှာ လာရောက်လုပ်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ပြီးတော့ မော်စကိုမှာ စီးပွားရေးဖိုရမ် ကျင်းပခဲ့ပါတယ်။ အဲဒီစီးပွားရေးဖိုရမ်မှာလည်း နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ပဲ မြန်မာနိုင်ငံမှာ ဘယ်လို စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်မယ်၊ အခွင့်အလမ်းတွေ ဘာတွေရှိမယ်၊ မြန်မာနိုင်ငံဘက်က ဘာတွေ ဆောင်ရွက်ပေးမယ် စသည်ဖြင့် ဒါတွေကို အသေးစိတ် Presentation နဲ့ ရှင်းလင်းတင်ပြခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့ ထားဝယ်ရေနက်ဆိပ်ကမ်းမှာ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စတွေ၊ စွမ်းအင်ကဏ္ဍ၊ အာကာသနှင့် နည်းပညာကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်၊ ဒီလုပ်ငန်းတွေကိုသာ ကျွန်မတို့ အမှန်တကယ်အကောင်အထည်ဖော်နိုင်မယ်ဆိုရင် မြန်မာပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိဖို့ များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။

**မေး။ ။ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေကို ယူဆောင်ခဲ့တယ်ဆိုတာကိုလည်း ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ စွမ်းအင်ကဏ္ဍမှာ ကျွန်မတို့ ဆွေးနွေးခဲ့တာက ရေနံနဲ့ သဘာဝဓာတ်ငွေ့ကိစ္စ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ဖို့၊ နျူကလီးယားကဏ္ဍ စသည်ဖြင့် စွမ်းအင်ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးခဲ့ပါတယ်။ နောက်တစ်ခုကတော့ LNG ပါ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းမှာ ကျွန်မတို့ LNG စက်ရုံတည်ဆောက်ပြီးတော့ အိမ်နီးနားချင်းနိုင်ငံတွေကို LNG နဲ့ သဘာဝဓာတ်ငွေ့တွေ တင်ပို့ရောင်းချဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ အာကာသနဲ့ ဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်ပြီး ဘယ်လို သဘောတူညီချက်တွေကို ဖော်ဆောင်နိုင်ခဲ့ပါသလဲ။**

**ဖြေ။** ။ အာကာသ ဂြိုဟ်တုနည်းပညာနဲ့ ပတ်သက်လို့လည်း ဆွေးနွေးခဲ့တာတွေ အများကြီးပါ။ အဓိကတော့ ၄ ခုပါ။ ၂၀၂၈ ခုနှစ်မှာ ကျွန်မတို့ မြန်မာနိုင်ငံက အာကာသယာဉ်မှူးကို အာကာသယာဉ်နဲ့ စေလွှတ်နိုင်ရေး၊ ဒါက အဓိက အရေးအကြီးဆုံးအချက်ပါ။ ဂြိုဟ်တု




အခြေပြု ရှာဖွေကယ်ဆယ်ရေး Station မြန်မာနိုင်ငံမှာ တည်ဆောက်ဖို့၊ GNSS Station တည်ဆောက်ဖို့ဆွေးနွေးခဲ့ပါတယ်၊ အာကာသကနေ ကမ္ဘာမြေအနီးမှာ အာကာသအန္တရာယ် ကျရောက်နိုင်တဲ့ အရာတွေကို စောင့်ကြည့်ပြီး ကာကွယ်ဖို့အတွက် Station တည်ဆောက်ဖို့၊ အဲဒီ ၄ ခုကို ကျွန်မတို့ MoU ရေးထိုးနိုင်ခဲ့ပါတယ်။

**မေး။ ။ Plekhanov Economics University က နိုင်ငံတော်သမ္မတကြီးကို ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့တယ်။ ဒီဟာက မြန်မာနိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်တယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ Plekhanov Economics University က ကျွန်မတို့ရဲ့ သမ္မတကြီးကိုဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ချီးမြှင့်ခဲ့ပါတယ်၊ ဒါတကယ်တော့ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုထိတွေ့ဆက်ဆံမှုရဲ့ အစကနဦးလို့ ပြောလို့ရပါတယ်။ အခုလိုချီးမြှင့်လိုက်တဲ့အတွက် ကျွန်မတို့ ပညာရေးကဏ္ဍ ရင်းနှီးသွားတယ်။ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အဲဒီစီးပွားရေးတက္ကသိုလ်မှာ ဂုဏ်ထူးဆောင်ပါမောက္ခဖြစ်တယ်။ အဲဒီတော့ ကျောင်းသားအချင်းချင်း ထိတွေ့ဆက်ဆံရေး၊ တက္ကသိုလ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လူငယ်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ နောက်တစ်ခါ ပညာရှင်ဖလှယ်ရေး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ scholarship ကိစ္စတွေ ပူးပေါင်းဆောင်ရွက်ရေး၊ ဒါတွေအားလုံးအတွက် လမ်းစပွင့်သွားပြီ။ ကျွန်မတို့ နိုင်ငံရဲ့ လူငယ်တွေ အနာဂတ်အတွက်အခွင့်အလမ်းလို့ ပြောလို့ရပါတယ်။

**မေး။ ။ ဘယ်လာရုစ်နိုင်ငံနဲ့ ဆွေးနွေးခဲ့တဲ့ အဓိကအကြောင်းအရာတွေကိုလည်း သိပါရစေ။**

**ဖြေ။** ။ ကျွန်မတို့ နိုင်ငံတော်သမ္မတကြီးက ဘယ်လာရုစ်နိုင်ငံ သမ္မတကြီးနဲ့ အခုခရီးစဉ်အတွင်း နှစ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့တဲ့အပြင် ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌတွေနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှာ စီးပွားရေးဖိုရမ်ပြုလုပ်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်၊ တကယ်တော့ ဘယ်လာရုစ်နိုင်ငံက ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့နိုင်ငံပါ။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေနဲ့ စက်မှုဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းပြီးတော့ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာက စိုက်ပျိုးမြေ ဧရိယာ ၃၃ သန်းကျော်ရှိပါတယ်၊ လုပ်သားအင်အားကလည်း အလုံအလောက်ရှိပါတယ်၊ ဒါက ကျွန်မတို့ရဲ့ အားသာချက်ပါ။ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်ကျတော့ စိုက်ပျိုးမွေးမြူရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေ ရှိပါတယ်။ နောက်တစ်ခါ သူတို့မှာ ဓာတ်မြေဩဇာစက်ရုံတွေ ရှိပါတယ်။ လယ်ယာထုတ်ကုန်ပစ္စည်းကိရိယာတွေ၊ ဒါက တကယ့်ကမ္ဘာမှာ နာမည်ကျော်တဲ့ ပစ္စည်းတွေ ထုတ်နေတာဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လာရုစ်နိုင်ငံရဲ့ အားသာချက်နဲ့ ကျွန်မတို့နိုင်ငံရဲ့ အားသာချက် ပူးပေါင်းပြီးတော့မှ ကျွန်မတို့ ဒီ farming ကနေ food processing အထိကို ပူးပေါင်းဆောင်ရွက်ဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့အတွက် သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဒ့ါအပြင် သမ္မတကြီးက ထားဝယ်ရေနက်ဆိပ်ကမ်းမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့၊ စက်ရုံတွေဆောက်ဖို့၊ တာယာစက်ရုံတို့၊ ကုန်တင်ယာဉ်အကြီးစားတွေ ဆောက်ဖို့၊ သီလဝါစီးပွားရေးဇုန်မှာလည်း လာရောက် ရင်းနှီးမြှုပ်နှံဖို့ဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap နဲ့ ပတ်သက်ပြီးတော့လည်း သိပါရစေ။**

**ဖြေ။** ။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေလုပ်တဲ့အချိန်မှာ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်ရေး ၂၀၂၆-၂၀၂၈ Roadmap ဆိုတာရှိပါတယ်။ အဲဒီ Roadmap မှာ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကဏ္ဍစုံပါပါတယ်။ ဒီ Roadmap အတိုင်းကို အလေးထားပြီးဆောင်ရွက်ဖို့ နှစ်နိုင်ငံသမ္မတတွေက အလေးထားပြီး ပြောကြားခဲ့ပါတယ်။ Timeline ကိုလည်း သူ့ Timeline နဲ့ အတိအကျသွားဖို့၊ အကောင်အထည်ဖော်သွားဖို့ရှိပါတယ်။ နောက်တစ်ခုကတော့ ဘယ်လာရုစ်နိုင်ငံ ဝန်ကြီးချုပ်က ပြောကြားဆွေးနွေးတာက ကျွန်မတို့ဟာ အပြိုင်အဆိုင် စီးပွားရေးလုပ်တာမဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံက အပြန်အလှန်အကျိုးတူ ပူးပေါင်းဆောင်ရွက်တာပါ။ ဒီတစ်ချက်ပြောပါတယ်။ မြန်မာနိုင်ငံနဲ့ဆက်ဆံရေးမှာ ဘယ်လာရုစ်နိုင်ငံက အကန့်အသတ်လုံးဝမရှိဘူး။ အဆင့်မြင့်ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်သွားမယ်။ နောက် တစ်ခုက မြန်မာနိုင်ငံကို တခြားမိတ်ဆွေနိုင်ငံတွေနဲ့မတူဘဲ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ကုန်ပစ္စည်းတွေကို ကျွန်မတို့ ပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အထိကို သူတို့ ကူညီဆောင်ရွက်သွားမယ်။ အပြန်အလှန် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမယ်။ ဈေးကွက်တစ်ခုအနေနဲ့သာ ရှုမြင်တာမဟုတ်ဘဲ ကျွန်မတို့ မိတ်ဆွေရင်းချာနိုင်ငံတွေအဖြစ် ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုပြီး ပြောပါတယ်။ ဒါကျွန်မတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လာရုစ်နိုင်ငံကနေ အတတ်နိုင်ဆုံး အားဖြည့် ကူညီပေးမယ်ဆိုတဲ့ အနေအထား ဖြစ်ပါတယ်။

**မေး။ ။ သမ္မတကြီးရဲ့ နိုင်ငံတကာဆက်ဆံရေးအပေါ် ဘယ်လိုမျိုး ပြောပြချင်ပါသလဲ။**

**ဖြေ။** ။ ဒီနေ့ဆိုရင် နိုင်ငံတော်အစိုးရ သစ်တက်လာတာ ၁၃၆ ရက် ရှိပါပြီ၊ ဒီနေ့မပါဘူးဆိုရင် ၁၃၅ ရက်အတွင်းမှာ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်လို့ နိုင်ငံပေါင်း ခြောက်နိုင်ငံကို သွားရောက်ခဲ့ပြီးဖြစ်ပါတယ်။ သမ္မတကြီးက ခြောက်နိုင်ငံမှာ အားလုံး မိုင်ပေါင်း ၂၀၀၀၀ နီးပါး ခရီးသွားခဲ့ပါတယ်။ ဒီခရီးစဉ်တွေအတွင်း တရုတ်၊ အိန္ဒိယနဲ့ ရုရှားစတဲ့ ကမ္ဘာ့နိုင်ငံကြီးသုံးနိုင်ငံအပါအဝင် ခြောက်နိုင်ငံလုံးက Head of State၊ Head of Government၊ လွှတ်တော်၊ Regional level၊ Ministerial level ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒီခရီးစဉ်တွေကနေ အပြန်အလှန်ယုံကြည်မှုတွေတည်ဆောက်နိုင်ခဲ့ပါတယ်၊ မဟာဗျူဟာမြောက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

**မေး။ ။ ရုရှားသမ္မတကြီးနဲ့ နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ဖို့အတွက် ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး သိပါရစေ။**

**ဖြေ။** ။ လောလောဆယ်တော့ ကျွန်မဘက်က ဒါနဲ့ ပတ်သက်လို့ အသေးစိတ်မပြောနိုင်ပါဘူး။ ဆွေးနွေးခဲ့တာတော့ ဟုတ်ပါတယ်။ ဒါကလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖို့အတွက် ဖြစ်ပါတယ်။ ကျွန်မသိသလောက်တော့ Mini ပါ။ ။

**သတင်းအဖွဲ့**

# ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၂၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဝါးခယ်မ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ဧက ၂၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဝါးခယ်မမြို့နယ်၌ စပါးလျာထား ၂၁၃၂၁၆ ဧကကို ယခုနှစ် ဇွန်လပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူနည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါးလျာထားဧက ၂၁၃၂၁၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ စပါးလျာထားဧကအားလုံးစိုက်ပျိုးပြီးဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးပေးနိုင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလည်း စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အထွက်နှုန်းနဲ့စပါးအရည်အသွေးပြည့်မီရေးအတွက်ကိုလည်း ဆောင်ရွက်ပေးထားပါတယ်''ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ မိုးစပါးလျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် အုပ်ချုပ်ရေးဌာန စသည့် သက်ဆိုင်ရာအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 ၊ GW-1စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ အဆိုပါစပါးအမျိုးအစားများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အဓိကထားစိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သုတကျော်**




# စဉ့်ကိုင်မြို့နယ်၌ တစ်သျှူးငှက်ပျောနှင့် ဖီးကြမ်းငှက်ပျောစိုက်ပျိုး



စဉ့်ကိုင် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအုပ်စု ဖလံပင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ဖလံပင်ကုန်း)၌ ကျောင်းသား၊ကျောင်းသူများ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြု အာဟာရဖြည့်စွက်စာ ငှက်ပျောသီးကျွေးမွေးနိုင်ရန် ငှက်ပျောစိုက်စီမံချက်အဖြစ် တစ်သျှူးငှက်ပျောနှင့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးပွဲကို ဩဂုတ်လ ၂၃ ရက်တွင် ကျင်းပသည်။

ငှက်ပျောစိုက်ပျိုးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေတို့က ငှက်ပျောပင်များအား ဖြန့်ဝေပေးပြီး တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ကျောင်းကော်မတီဝင်များက တစ်သျှူးငှက်ပျောပင် ၁၀၀ နှင့် ဖီးကြမ်းငှက်ပျောပင် ၂၀၀ တို့အား စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် ကော်မတီဝင်များက ငှက်ပျောစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ကျောင်းသားလူငယ်များ နှုတ်မှုစွမ်းရည်တိုးတက်စေရန် လူငယ်စကားဝိုင်းဆွေးနွေး

အမရပူရ ဩဂုတ် ၂၃

ကျောင်းသားလူငယ်များ ဗဟုသုတနှင့်ပြည့်စုံပြီး အသိပညာတိုးတက်စေရန်၊ အချင်းချင်း အသိပညာအတတ်ပညာများ ဖလှယ်နိုင်စေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်နှင့် စဉ်းစားတွေးခေါ်မှုဉာဏ်ရည်များ ရင့်သန်လာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၂၂ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးယုဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့ခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန္တာထွန်းကဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ Grade-11 မှ မောင်ကောင်းညီမ်းသန့်က လူငယ်နှင့်နည်းပညာ၊ Grade-10 မှ မရွှေယမင်းလှိုင်က လူငယ်နှင့်စာဖတ်ခြင်း၊ မတိမ်လွှာက လူငယ်နှင့်စာရိတ္တနှင့် မခိုင်ရွှေရည်က လူငယ်နှင့်အားကစားခေါင်းစဉ်တို့ဖြင့်ဆွေးနွေးကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများကသက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**လဲ့လဲ့ခိုင်(အမရပူရ)**

# သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအကြို အခြေခံမီးသတ်ပညာသင်တန်းဆင်းပွဲ လားရှိုးမြို့နယ်၌ ကျင်းပ

လားရှိုး ဩဂုတ် ၂၃

ဈေးများ၊ ဈေးဝယ်စင်တာများ၊ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံ၊ စုပေါင်းပိုင် အဆောက်အအုံများနှင့် မီးဘေးစိုးရိမ်ရသည့်လုပ်ငန်းများတွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ စနစ်တကျ လေ့ကျင့်ဖွဲ့စည်းနိုင်ရန်နှင့် မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်နိုင်ပြီး အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှုနှင့် ပစ္စည်းဆုံးရှုံးမှုနည်းပါးစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဖွင့်လှစ်ခဲ့သော သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များအကြို အခြေခံမီးသတ်ပညာသင်တန်း(၂/၂၀၂၄) ဆင်းပွဲကို ဩဂုတ်လ ၂၃ ရက်တွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ လားရှိုးခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများကို သင်တန်းသား၊ သင်တန်းသူများအား ချီးမြှင့်ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ချီးမြှင့်ငွေပေးအပ်ရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းသစ်က လက်ခံရယူသည်။

အဆိုပါ မီးသတ်ပညာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၁၀၂ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ပုလဲမွေးမြူထုတ်လုပ်ရေးနှင့် သစ်တောဂေဟစနစ်များ၏ အခန်းကဏ္ဍ

သစ်တောမောင်

**ပုလဲ**

"ပုလဲ" (Pearl)သည် ရှေးခေတ်မြန်မာ အပါအဝင် အာရှယဉ်ကျေးမှုများတွင် အလွန်တန်ဖိုးထား မြတ်နိုးကြသည့် နဝရတ်၉ ပါး (ရတနာ ၉ မျိုး)တွင်အပါအဝင် ဖြစ်သည်။ ပုလဲသည် မြေထုအတွင်းမှ တူးဖော်ရရှိသည့်ကျောက်မျက်ရတနာများ၊ သတ္တုတွင်းထွက်များနှင့်မတူဘဲ သက်ရှိဇီဝမှ မွေးဖွားလာသောရတနာဖြစ်သည်။



ပုလဲသည် အခွံမာသတ္တဝါများ၏ခန္ဓာကိုယ်အတွင်း ဖွဲ့စည်းဖြစ်ပေါ်လာသောရတနာတစ်ပါးဖြစ်သည်၊ တစ်နည်းအားဖြင့် Mollusk တို့၏အခွံမာအတွင်းပိုင်း တည်ဆောက်ရာတွင် ခန္ဓာကိုယ်မှစစ်ထုတ်ပို့ချသည့်ပုလဲအလွှာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပုလဲလွှာသည်ဝ.ဝဝဝ၃ မှဝ.ဝဝဝ၅ မီလီမီတာခန့်အထူရှိပြီး မွေးမြူပုလဲတစ်လုံးသည် အနည်းဆုံး ပုလဲလွှာပေါင်းတစ်ထောင်လွှာမှ ခြောက်ထောင်ကျော်အထိနှင့် ပုလဲသားအထူ သုည ဒသမ ၅ မီလီမီတာမှ ၇ မီလီမီတာခန့်ရှိသည်၊ နိုင်ငံတကာတွင်ပုလဲ၏အလေးချိန်ကို ချိန်တွယ်ရာတွင် Momme (မိုမီ)ကို အသုံးပြုပြီး တစ်မိုမီသည် ၃ ဒသမ ၇၅ ဂရမ်/၁၈ ဒသမ ၇၅ ကာရက်/၂၀ ဒသမ ၆၂၅ ရတီနှင့်ညီမျှသည်။ ပုလဲ၏ အရွယ်အစားကိုဖော်ပြရာတွင်အချင်းကိုမီလီမီတာဖြင့် တိုင်းတာလေ့ရှိသည်။

နဝရတ်၉ ပါးအနက်စိန်သည်မာကျောမှုအမြင့်ဆုံး ၁၀ ဖြစ်ပြီး ပုလဲသည် မာကျောမှုအဆင့် ၂ ဒသမ ၅ မှ ၄ ဒသမ ၅ အတွင်းသာရှိသဖြင့် နဝရတ် ၉ ပါးအနက် အလွန်နူးညံ့ဆုံးသောပစ္စည်းဖြစ်သည်၊ ပုလဲသည် စိန်ကဲ့သို့ သတ္တုဓာတ်ခရစ္စတယ်(mineral crystal)တစ်မျိုးတည်းမဟုတ်ဘဲ ခရု/ကမာကောင်မျိုးနွယ်များ၏ကိုယ်တွင်းတွင်ဖြစ်ပေါ်သော သက်ရှိမှဖြစ်သော ရတနာ(biogenic gemstone)ဖြစ်သည်။ အဓိကအားဖြင့် ထုံးကျောက် Calcium Carbonate ($CaCO_3$)ကို အာဂိုနိုက်ခရစ္စတယ်(aragonite crystal)အလွှာငယ်များအဖြစ် ဖွဲ့စည်းထားသည်။ ပုလဲအလွှာတွင် ယေဘုယျအားဖြင့် ထုံးကျောက် ကယ်လ်ဆီယမ်ကာဗွန်နိတ်($CaCO_3$-Aragonite) ၉၃ ရာခိုင်နှုန်း၊ ကွန်ချီအိုလင် (Conchiolin) ၅ ရာခိုင်နှုန်းနှင့် ရေနှင့်အခြားသတ္တုဓာတ်ကယ်လ်ဆီယမ်အောက်ဆိုက် အနည်းဆုံး၂ ရာခိုင်နှုန်းခန့်ပါဝင်သည်။

ပုလဲများကို အဓိကအားဖြင့် **သဘာဝပုလဲ (Natural Pearl)**နှင့် **မွေးမြူပုလဲ (Cultured Pearl)** ဟူ၍ ခွဲခြားနိုင်သည်။ သဘာဝပုလဲသည် လူတို့က **ဝတ်ဆံလုံး** (nucleus)ထည့်သွင်းမွေးမြူခြင်းမရှိဘဲ သဘာဝအတိုင်း ကမာ သို့မဟုတ် Mollusk အတွင်းတွင်ဖြစ်ပေါ်လာသော ပုလဲဖြစ်သည်၊ ယနေ့ခေတ်တွင် သဘာဝပုလဲများသည် အလွန်ရှားပါးသောကြောင့် အရည်အသွေးကောင်းမွန်ပြီး သမိုင်းတန်ဖိုးရှိပါက အလွန်မြင့်မားသော ဈေးနှုန်းရရှိနိုင်သည်။ မွေးမြူရေးပုလဲများကို ကမာမျိုးစိတ်၊ ပင်လယ်/ရေချိုပတ်ဝန်းကျင်နှင့်ထုတ်လုပ်သည့်ဒေသအလိုက် ထပ်မံခွဲခြားနိုင်သည်။ ကမာ သို့မဟုတ် Mollusk အတွင်းသို့ ဝတ်ဆံလုံး(nucleus)နှင့် တစ်သျှူးဆက်သားစ(Saibo)ထည့်သွင်းပြီး ပုလဲဖြစ်ပေါ်လာစေရန် ထိန်းချုပ်မွေးမြူထားသောပုလဲသည် မွေးပုလဲဖြစ်သည်။ မုတ်ကောင်များကို အိတ်၊ ခြင်း၊ အကာအကွယ်ကွန်များနှင့်တွဲချိတ်ထားပြီး ရေပေါ်/ရေအောက် ကြိုးတန်းရှည်များမှတစ်ဆင့် ပင်လယ်ရေထဲတွင် **ကြိုးတန်းရှည်စနစ် (Long–line system)**ဖြင့် မွေးမြူကြသည်။

ပုလဲမွေးမြူနိုင်သော မုတ်ကောင်သည် ခရု၊ ခုံး၊ ယောက်သွား၊ ကမာ စသည်တို့ပါဝင်သော Mollusk မျိုးနွယ်စုတွင် ပါဝင်သည့်သတ္တဝါဖြစ်သည်။ ပုလဲမွေးမြူသည့်မုတ်ကောင်များသည် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကောင်းမွန်သော ရေကြည်၊ ရေသန့်သောသန္တာကျွန်းစုများ၊ သန္တာရေအိုင်များတွင် ဖြစ်ထွန်းသည်။ ပုလဲ၏အရွယ်အစား၊ ပုံသဏ္ဍာန်၊ အရောင်၊ ပွင့်ရည်၊ မျက်နှာပြင်၊ ပုလဲသားအထူနှင့် လိုက်ဖက်မှုတို့သည် ပုလဲတစ်လုံး၏တန်ဖိုးဖြစ်စေသောအချက်များဖြစ်သည်။ ယနေ့ကမ္ဘာ့ပုလဲဈေးကွက်တွင် မွေးပုလဲများက အဓိကနေရာယူထားသည်။

**ပုလဲအမျိုးအစားများ**

မွေးပုလဲများကို အဓိကအားဖြင့် အကိုယာပုလဲ(Akoya Pearl) (Pinctada fucata), တောင်ပင်လယ်ပုလဲ(South Sea Pearl) (Pinctada maxima), ပုလဲနက် (Pinctada margaritifera) (Tahitian Pearl) နှင့် ရေချိုပုလဲ(Freshwater Pearl Mussel ) ဟူ၍ ခွဲခြားနိုင်သည်၊ တောင်ပင်လယ်ပုလဲ (South Sea Pearl)သည်မြန်မာနိုင်ငံအတွက် အထူးအရေးကြီးသောအမျိုးအစားဖြစ်ပြီး အဓိကအားဖြင့် Pinctada maxima ပုလဲကမာမှထုတ်လုပ်သည်၊ ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့်မြန်မာနိုင်ငံတို့သည် အဓိကထုတ်လုပ်သည့်နိုင်ငံများဖြစ်ပြီး မလေးရှားနိုင်ငံမှ အနည်းငယ်ထုတ်လုပ်လျက်ရှိသည်။ ပုလဲများအတွက် တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျ၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ အိန္ဒိယနှင့် အရှေ့တောင်အာရှတို့သည် အရေးကြီးသော ဈေးကွက်များဖြစ်သည်။

**ပုလဲမွေးမြူရေးအတွက် အရေးပါသည့် သစ်တောဂေဟစနစ်**

ပုလဲမွေးမြူသည့် မုတ်ကောင်သည် ပင်လယ်ရေထဲမှအစာအာဟာရများကို စစ်ထုတ်စားသုံးသည့် သတ္တဝါဖြစ်သဖြင့် ပင်လယ်ရေအရည်အသွေးသည် အဆိုပါမုတ်ကောင်များ၏ ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ပုလဲမွေးမြူရာတွင် အောင်မြင်ဖြစ်ထွန်းရန် သဘာဝပတ်ဝန်းကျင်အထောက်အပံ့ကောင်းများစွာလိုအပ်သည်။

ပုလဲမွေးမြူရေးအတွက်အရေးကြီးသော သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်ရေအခြေအနေများမှာလှိုင်းလေအကာအကွယ်ရသည့်နေရာဖြစ်ခြင်း၊ ရေစီးရေလာကောင်းမွန်ခြင်း၊ ရေကြည်လင်ခြင်း၊ ရေထုညစ်ညမ်းမှုနည်းခြင်း၊ နုန်းနှင့်အညစ်အကြေးများ အလွန်အကျွံမရှိခြင်း၊ အောက်ဆီဂျင် လုံလောက်ခြင်း၊ ဆားဓာတ်သင့်တော်ပြီး ရေငန်နှုန်းတည်ငြိမ်ခြင်း၊ ရေအပူချိန်တည်ငြိမ်ခြင်း၊ မုတ်ကောင်အစာဖြစ်သော အစာအာဟာရနှင့်အပင်မျှောလေးများ(Phytoplankton)ပေါကြွယ်ဝခြင်း၊ သင့်တော်သည့်ရေအတိမ်အနက်ရှိခြင်းနှင့် ရေပြင်အကျယ်အဝန်းရှိရန်လိုအပ်ခြင်း၊ လူများအခြေချနေထိုင်သည့်ကျေးရွာများနှင့် ဝေးကွာရန်လိုအပ်ခြင်း၊ ရေချိုရပြီး စခန်းတည်ဆောက်ရန် မြေပြန့်နေရာရှိသော ကုန်းမြေလိုအပ်ခြင်း၊ သွားလာရေးလွယ်ကူသောနေရာဖြစ်ခြင်း စသည့် အချက်များကို အလေးထားနေရာရွေးချယ်ဆောင်ရွက်ကြရသည်။

ကုန်းမြေပေါ်ရှိ သစ်တောများနှင့် ကမ်းရိုးတန်း ဒီရေတောများသည်ကုန်းမြေနှင့်ပင်လယ်အကြားတွင် သဘာဝအကာအကွယ်တစ်ခုကဲ့သို့ လုပ်ဆောင်ပေးပြီး ပင်လယ်ရေ အရည်အသွေးကို ထိန်းသိမ်းပေးသည့်သဘာဝစနစ်တစ်ခုဖြစ်သဖြင့် ပုလဲမွေးမြူရေးအတွက် အထူးအရေးပါသောကဏ္ဍမှပါဝင်လျက်ရှိသည်၊ သစ်တောများမှကြွေကျသော သစ်ရွက်နှင့်သစ်ကိုင်းများဆွေးမြည့်ရာမှမြေဆီလွှာအာဟာရဓာတ်များဖြစ်ပေါ်လာသည်။ ထိုအာဟာရများ မြစ်ချောင်းများမှတစ်ဆင့် ပင်လယ်ထဲသို့စီးဝင်သောအခါ ပုလဲကမာကောင်များ၏ အဓိကအစာဖြစ်သည့် အဏုဇီဝရေညှိ သို့မဟုတ် အပင်မျှောလေးများ (Phytoplankton)ကို ပေါ်များစေသည်။ ဒီရေတောများသည် ပင်လယ်ရေအပူချိန် လွန်ကဲစွာပြောင်းလဲခြင်းမှကာကွယ်ပေးပြီး အပူချိန်ထိန်းညှိပေးသည်၊ လေမုန်တိုင်းဒဏ်ကိုသက်သာစေကာ ရေပြင်တည်ငြိမ်စေသည်၊ ပင်လယ်ကွေ့များအတွင်းသို့စီးဝင်သည့် ရေချိုပမာဏကို ထိန်းညှိပေးသည်။



ပုလဲမွေးမြူသော ရေပြင်ပတ်ဝန်းကျင်တွင်မြစ်ချောင်းများမှတစ်ဆင့်ပင်လယ်ထဲသို့ ဝင်ရောက်လာမည့် မြေမှုန်၊ နုန်းနှင့် ပလတ်စတစ်အမှိုက်များအပါအဝင်အခြား အညစ်အကြေးများကို ကုန်းမြေပေါ်ရှိ သစ်တောများ၊ ဒီရေတောများက တားဆီးလျှော့ချပေးသည်။ သစ်တောများ ဖုံးလွှမ်းနေသော မြေပြင်သည် မိုးရေကိုစုပ်ယူထိန်းသိမ်းပေးပြီး သစ်ပင်များ၏အမြစ်များက မြေဆီလွှာကို ခိုင်မြဲစွာထိန်းထားသောကြောင့် မြေဆီလွှာတိုက်စားမှုလျော့နည်းစေသည်။

ဒီရေတောများ၏ အမြစ်များသည် မြစ်များမှ စီးဆင်းလာသော နုန်းနှင့် မြေမှုန်များကို တားဆီးပေးနိုင်သည်။ ထို့ပြင် လှိုင်းဒဏ်နှင့် မုန်တိုင်းဒဏ်ကိုလည်း အတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်သည်။ ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် အခြားရေနေသတ္တဝါများအတွက် သားပေါက်နှင့်ကြီးထွားရာနေရာများလည်းဖြစ်သည်။ ဒီရေတောများ ကျန်းမာကောင်းမွန်နေပါက ကမ်းရိုးတန်းဂေဟစနစ်တစ်ခုလုံး၏ တည်ငြိမ်မှုကို အထောက်အကူပြုသည်။ ပုလဲမွေးမြူရေးဧရိယာများရှိပင်လယ်ရေ၏အရည်အသွေးကောင်းမွန်စေရန်နှင့် ထိန်းသိမ်းရန်အတွက်လည်း အကျိုးပြုသည်။

ကုန်းမြေပေါ်ရှိ သစ်တောများနှင့် ကမ်းရိုးတန်းသစ်တောများကို အလွန်အကျွံခုတ်ထွင်ပါက မြေဆီလွှာတိုက်စားမှု ပိုမိုဖြစ်ပေါ်လာနိုင်ပြီး ထိုမြေမှုန်များသည် မြစ်များမှတစ်ဆင့်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ပင်လယ်ထဲသို့ရောက်ရှိလာပြီး နုန်းများ၊ အမှုန်အမွှားများ၊ အညစ်အကြေးများကြောင့် ရေနောက်ကျိပြီး ရေကြည်လင်မှုကိုလျော့ကျစေနိုင်သည်။ ထိုအခြေအနေသည် ပုလဲကမာများ၏ကျန်းမာရေးနှင့်ကြီးထွားမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်စေနိုင်သည်။ ပင်လယ်ရေထဲသို့ ပလတ်စတစ်၊ အိမ်သုံးအညစ်အကြေး၊ စက်ရုံစွန့်ပစ်ရေ၊ စိုက်ပျိုးရေးဓာတုပစ္စည်းများ စသည်တို့ အလွန်အကျွံဝင်ရောက်လာပါက ပုလဲကမာများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဥပမာ တောင်ပင်လယ်ပုလဲတစ်လုံးဖြစ်တည်လာရန် လေးနှစ်အထိ ကြာမြင့်တတ်သည်။ ထိုအချိန်ကာလအတွင်း ပတ်ဝန်းကျင်ဂေဟစနစ် အနည်းငယ်ပြောင်းလဲဖောက်ပြန်ရုံမျှဖြင့် ပုလဲ၏အရောင်အသွေးနှင့်ပုလဲသား(Nacre) အရည်အသွေး၊ ပုလဲကြီးထွားမှု၊ မျက်နှာပြင်ချောမွေ့မှုများနှင့် ခွဲစိတ်ထည့်သွင်းထားသော ဝတ်ဆံလုံးများကို မုတ်ကောင်၏ခန္ဓာကိုယ်မှပြန်လည်စွန့်ထုတ်ပစ်ခြင်းတို့ကို တိုက်ရိုက်ထိခိုက်စေနိုင်ပြီး ပုလဲမုတ်ကောင်များကိုလည်း ရောဂါကျရောက်ခြင်းများ၊ သေဆုံးခြင်းများကိုဖြစ်ပွားနိုင်ပြီး ဆုံးရှုံးမှုများစွာ ရင်ဆိုင်ရနိုင်သည်။

ထို့ကြောင့် ပုလဲမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် **စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

ပင်လယ်ညစ်ညမ်းမှုကို လျှော့ချရန် အလွန်အရေးကြီးသည်။ ထို့ကြောင့် ပုလဲမွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ်အောင်မြင်ရန် ပုလဲမွေးမြူရေး သက်သက်ကိုသာ အာရုံစိုက်ခြင်းထက် ပတ်ဝန်းကျင်ရှိ ဂေဟစနစ်တစ်ခုလုံးနှင့် အခြားမျိုးစိတ်များအစားထိုးခြင်းမပြုဘဲ ဒေသမျိုးရင်းအပင်များ၊ ရေနေသတ္တဝါများ တည်ငြိမ်ကောင်းမွန်ရေးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

**မြန်မာ့ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း**

မြန်မာနိုင်ငံရှိ မြိတ်ကျွန်းစုတွင် ပုလဲမွေးမြူရေးစခန်းကို အစောပိုင်းက ဒိုမယ်ကျွန်းတွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၅၆ ခုနှစ်မှစတင်ကာ ပုလဲကျွန်းသို့ ပြောင်းရွှေ့ဆောင်ရွက်ခဲ့ရာ ယနေ့တိုင်ဖြစ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာ့ပုလဲနည်းဥပဒေများကို ၂၀၀၀ ပြည့်နှစ်တွင်ထုတ်ပြန်ခဲ့ကာ ခေတ်စနစ်နှင့်အညီပြင်ဆင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာ့ပုလဲနည်းဥပဒေများကို တတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင်ပုလဲမွေးမြူရေးလုပ်ငန်း၏အဓိကအချက်အချာဒေသမှာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစု၏ သန့်ရှင်းကြည်လင်သော ပင်လယ်ရေပြင်များဖြစ်ပြီး တောင်ပင်လယ်ပုလဲ(Pinctada maxima) (Gold–lip pearl oyster)ကို အဓိကအသုံးပြုမွေးမြူသည်။ ပုလဲမွေးမြူရေးစခန်းများကို ပုလဲကျွန်း၊ မလိကျွန်း၊ ဒုံးပုလဲအော်ကျွန်း၊ ပြင်စဘုကျွန်း၊ ဒိုမယ်ကျွန်းနှင့် ရွှေကျွန်း အစရှိသည့်ကျွန်းပေါင်းများစွာတွင် ဖြန့်ကြက်လုပ်ကိုင်ကြပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအောက်ရှိရေလုပ်ငန်းစခန်းများနှင့် ပုဂ္ဂလိက/ နိုင်ငံခြား ဖက်စပ်ကုမ္ပဏီများ စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ပုလဲမွေးမြူရေးလုပ်ငန်းသည် ကမ္ဘာတွင် ဈေးကွက်လိုအပ်ချက်အများဆုံးနှင့် အတောက်ပဆုံးရတနာတစ်ခုဖြစ်သည့်အရည်အသွေးမြင့်တောင်ပင်လယ်ပုလဲ(South Sea Pearls) များကိုထုတ်လုပ်ပေးလျက်ရှိပြီး ပုလဲသား (Nacre)ထူထဲခြင်း၊ အရောင်အသွေး ပြောင်လက်တောက်ပခြင်းနှင့်ထူးခြားသည့်ရွှေဝါရောင်မှငွေအဖြူရောင်အထိရရှိနိုင်ခြင်းတို့ကြောင့်ကမ္ဘာ့ပုလဲဈေးကွက်တွင် ထင်ရှားကျော်ကြားပြီး အောင်မြင်လျက်ရှိသည်။

ကမ္ဘာတွင်ဩစတြေးလျနှင့်အင်ဒိုနီးရှားတို့သည် တောင်ပင်လယ်ပုလဲထုတ်လုပ်မှုနှင့်ပတ်သက်၍ ထင်ရှားသောနိုင်ငံများဖြစ်သည်။ အထူးသဖြင့် ဩစတြေးလျနိုင်ငံမြောက်ပိုင်းရှိ ကင်ဘာလေ(Kimberley) ဒေသသည် Pinctada maxima ပုလဲကမာများ၊ မုတ်ကောင်များနှင့်တောင်ပင်လယ်ပုလဲ ထုတ်လုပ်မှုအတွက်ကျော်ကြားသည်။ အင်ဒိုနီးရှားနိုင်ငံတွင်လည်း အရှေ့ပိုင်းကျွန်းစုများအပါအဝင် သင့်တော်သောအပူပိုင်းပင်လယ်ဒေသများတွင် Pinctada maxima ကိုအသုံးပြု၍ တောင်ပင်လယ်ပုလဲများ မွေးမြူထုတ်လုပ်ကြသည်။



ဤဒေသများ၏ အတွေ့အကြုံများမှ အရေးကြီးသော သင်ခန်းစာတစ်ခုမှာ **“အရည်အသွေးမြင့်ပုလဲရရှိရန် မုတ်ကောင်များ ကောင်းစွာမွေးမြူခြင်းသာမက သစ်တောများ၊ ဒီရေတောများ၊ မြစ်ချောင်းများ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ဂေဟစနစ်တစ်ခုလုံးကို ကောင်းမွန်စွာ ထိန်းသိမ်းရန်လိုအပ်ခြင်း”**ဖြစ်သည်။


**အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ**

တနင်္သာရီတိုင်းဒေသကြီးတွင် တောင်ပင်လယ်ပုလဲ (Pinctada maxima) ပုလဲမုတ်ကောင်များ အောင်မြင်စွာဖြစ်ထွန်းရန်အတွက် ပထဝီဝင်၊ သဘာဝပတ်ဝန်းကျင်နှင့် နည်းပညာဆိုင်ရာထူးခြားသည့် အောက်ဖော်ပြပါအခြေအနေကောင်းများ၊ အခွင့်အလမ်းများ ပြည့်စုံလျက်ရှိသည် –

- ❖ အထူးသဖြင့် အောက်ဆီဂျင်ကြွယ်ဝသည့်ရေကို စဉ်ဆက်မပြတ် ပို့ဆောင်ပေးကာ ဇီဝစွန့်ပစ်ပစ္စည်းများကိုလည်း မျှောထုတ်ပေးသော သင့်တော်သည့်ပင်လယ်ရေစီးကြောင်းနှင့် ရေထုအပူချိန် (၂၅ ဒီဂရီစင်တီဂရိတ်မှ ၂၉ ဒီဂရီစင်တီဂရိတ်အတွင်း) အခြေအနေကောင်းများရှိခြင်း၊
- ❖ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်ပါဝင်သောကြောင့် မုန်တိုင်းဒဏ်နှင့်ပင်လယ်လှိုင်းကြီးများမှကာကွယ်ပေးသည့် နက်ရှိုင်းပြီးငြိမ်သက်သော ပင်လယ်ကွေ့များကို ရရှိစေသည်။
- ❖ သန့်ရှင်းသော ဂေဟစနစ်နှင့်ရေထု အရည်အသွေးရှိခြင်း၊ ကုန်းမြင့်သစ်တောများမှ စီးဝင်လာသော အာဟာရဓာတ်များနှင့်ပင်လယ်နက်ပိုင်းမှတက်လာသောအာဟာရများ ပေါင်းစပ်သွားခြင်းကြောင့် ပုလဲမုတ်ကောင်များ၏အဓိကအစာဖြစ်သည့် အဏုဇီဝရေညှိ၊ အပင်မျှောလေး (Phytoplankton)များ ပေါများစွာ ဖြစ်ထွန်းခြင်း၊
- ❖ မြိတ်ကျွန်းစုသည် စက်မှုဇုန်များနှင့် ဝေးကွာသဖြင့် ပင်လယ်ရေထု သန့်ရှင်းကြည်လင်ခြင်း၊ ရေထုအတွင်း နုန်းနှစ်နည်းပါးခြင်း၊
- ❖ ယခင်က သဘာဝမုတ်ကောင်များကိုသာ ရှာဖွေဖမ်းဆီးမွေးမြူခဲ့ကြသော်လည်း ယခုအခါ ခေတ်မီ ပုလဲသားဖောက်စခန်းများတွင် အပူချိန်နှင့်အစာပလန်တန်(Meal Ptan)များကို ထိန်းချုပ်ကာ ပုလဲသားလောင်းများကို စနစ်တကျသားဖောက်ထုတ်လုပ်နိုင်ခြင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၊
- ❖ အရည်အသွေးမြင့်ပုလဲများရရှိရန်အတွက် ကျွမ်းကျင်သောပညာရှင်များက ပုလဲမုတ်ကောင်၏ ခန္ဓာကိုယ်အတွင်းသို့ ဗတ်ဆံလုံး(Nucleus)နှင့် တစ်သျှူးဆက်သားစ(Saibo)တို့ကို အတူပေါင်းစပ်ပြီး တိကျစွာထည့်သွင်းပေးသည့် နည်းပညာကို အသုံးပြုနိုင်ခြင်း။

သို့သော်လည်း မြန်မာ့ပုလဲထုတ်လုပ်ရေးလုပ်ငန်းရေရှည်တည်တံ့အောင်မြင်ရန်အတွက် သဘာဝပတ်ဝန်းကျင်၊ နည်းပညာ၊ စီးပွားရေး၊ လူ့စွမ်းအားနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုများလည်း ရှိနေသည်။ ရေရှည်အတွက် အောက်ဖော်ပြပါ စိန်ခေါ်မှုများကို အလေးထားဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သည် –

- ❖ ရာသီဥတုပြောင်းလဲမှုနှင့် ပင်လယ်ရေအပူချိန်မြင့်တက်မှုကြောင့် တောင်ပင်လယ်ပုလဲ P. maxima မွေးမြူခြင်းတွင် အစာစားနှုန်းနှင့် ကြီးထွားမှုကျဆင်းခြင်း၊ ဇီဝကမ္မဖိအား (physiological stress) မြင့်တက်ခြင်း၊ ကိုယ်ခံအားကျဆင်းခြင်း၊ ရောဂါဖြစ်နိုင်ခြေတိုးလာခြင်း၊ ပုလဲသား (nacre) ဖွဲ့စည်းမှုနှင့် ပုလဲအရည်အသွေးထိခိုက်ခြင်း၊
- ❖ ရေထုညစ်ညမ်းခြင်း၊ အနည်အနှစ် (sedimentation)များပြားခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ အာဟာရဓာတ်ကြွင်းများပို့ချခြင်း၊ ပလတ်စတစ်နှင့် အခြားအမှိုက်များ၊ လောင်စာဆီနှင့် ဓာတုပစ္စည်းများ၊ ကမ်းရိုးတန်းဖွံ့ဖြိုးရေးလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများကြောင့် ပင်လယ်ရေအရည်အသွေးကျဆင်းခြင်း၊
- ❖ သစ်တောများပြုန်းတီးခြင်း၊ ကမ်းရိုးတန်းဂေဟစနစ်များ ပျက်စီးခြင်း၊ ပင်လယ်မြက်များ၊ သန္တာကျောက်တန်းများနှင့် ဒီရေတောများပျက်စီးခြင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် မြေအသုံးချမှုများ ပြောင်းလဲခြင်း၊
- ❖ ကြီးထွားနှုန်းကောင်းသော၊ ကျန်းမာသန်စွမ်းသော၊ ပုလဲသား (nacre de–position)ကောင်းသော၊ အရောင် (lustre)နှင့် ပုံသဏ္ဍာန် (pearl shape) ကောင်းသော၊ ရောဂါခံနိုင်ရည်ရှိသော မျိုးရိုးဗီဇနှင့် အရည်အသွေးမြင့်မုတ်ကောင်များရွေးချယ်မွေးမြူရန် လိုအပ်ခြင်း၊
- ❖ သားဖောက်ခြင်း(Hatchery)နည်းပညာကို ပေါင်းစပ်မြှင့်တင်ရန်လိုအပ်ခြင်း၊
- ❖ လုပ်ငန်းအဆင့်တိုင်းအတွက်ကျွမ်းကျင်လုပ်သားနှင့် နည်းပညာကျွမ်းကျင်မှုလိုအပ်ခြင်း၊
- ❖ ပုလဲမွေးမြူရေးနယ်မြေများ ကျယ်ပြန့်လာခြင်းကြောင့် ဒေသခံရေလုပ်ငန်းလုပ်ကိုင်သူများနှင့် ဒေသခံများ၏ ရိုးရာငါးဖမ်းကွက်များ ကျဉ်းမြောင်းသွားနိုင်သဖြင့် ပင်လယ်ရေပြင်အသုံးပြုခွင့်နှင့်ပတ်သက်၍ အငြင်းပွားမှုများရှိလာနိုင်ခြင်း၊
- ❖ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်ခြင်း၊ ဈေးကွက်နှင့်နိုင်ငံတကာယှဉ်ပြိုင်မှု ပိုမိုပြင်းထန်လာနိုင်ခြင်း၊
- ❖ မုတ်ကောင်သားဖောက်သည့်အဆင့်မှ ဈေးကွက်တင်ပို့ရောင်းချသည့်အဆင့်အသီးသီးအတွက် သုတေသနနှင့် အချက်အလက်စနစ် အားနည်းခြင်း၊



**ပုလဲရတနာတိုးမြှင့်ထုတ်လုပ်ဖို့ သစ်တောဂေဟစနစ်ထိန်းသိမ်းစို့**

မြန်မာနိုင်ငံ၏ပုလဲမွေးမြူထုတ်လုပ်ရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေးမြင့် တောင်ပင်လယ်ပုလဲများ ထုတ်လုပ်နိုင်ရန် မုတ်ကောင်များ (ဥပမာ Pinctada maxima) မျိုးရိုးဗီဇအရည်အသွေး မြှင့်တင်ခြင်း၊ သားဖောက်ခြင်းနှင့်မျိုးပွားခြင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ပုလဲကမာများ၊ မုတ်ကောင်များ၏ကျန်းမာရေးနှင့် ပုလဲအရည်အသွေးသည် ကောင်းမွန်သည့် ပတ်ဝန်းကျင်၊ ပင်လယ်ရေအရည်အသွေးနှင့်တိုက်ရိုက်ဆက်နွှယ်နေသောကြောင့် **ကုန်းမြေသစ်တောများ၊ ကမ်းရိုးတန်းဒီရေတောများ၊ ပင်လယ်မြက်ခင်းပြင်များ (seagrass)နှင့် သန္တာကျောက်တန်းများ (coral reefs)ကို ထိန်းသိမ်းရန်နှင့်အစာကွင်းဆက်အတွက် အရေးပါသောငါးများ အလွန်အကျွံဖမ်းယူခြင်းကို တားဆီးကာကွယ်ကြရမည်ဖြစ်သည်။** ထို့ပြင် ပင်လယ်ရေအပူချိန်မြင့်တက်မှု၊ ပင်လယ်ရေဓာတုဂုဏ်သတ္တိများ ပြောင်းလဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာသက်ရောက်မှုများကို ခံနိုင်ရည်ရှိစေရန် ရေရှည်စောင့်ကြည့်လေ့လာမှုနှင့် ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့် မွေးမြူရေး (climate–smart aquaculture) နည်းပညာများကို ဖော်ထုတ်အသုံးချရေးဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ပုလဲမွေးမြူရေးလုပ်ငန်းမှ ရရှိသည့် အလုပ်အကိုင်နှင့်ဝင်ငွေအခွင့်အလမ်းများကို ဒေသခံပြည်သူများထံ ပိုမိုရောက်ရှိစေရန် ဒေသခံလူထုပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲမှု၊ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ တန်ဖိုးမြှင့်ပုလဲနှင့်လက်ဝတ်ရတနာများထုတ်လုပ်ရေးနှင့် ဈေးကွက်ချိတ်ဆက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ **“အရည်အသွေးမြင့် ပုလဲထုတ်လုပ်ရေး၊ ကျန်းမာကောင်းမွန်သော ပင်လယ်ဂေဟစနစ်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်သော ပုလဲမွေးမြူရေး နည်းပညာဖွံ့ဖြိုးရေးနှင့် ဒေသခံလူထု၏ လူမှုစီးပွားအကျိုးကျေးဇူးများ တိုးမြှင့်ပေးရေး”** ဟူသည့် အဓိကမဏ္ဍိုင်လေးခုကို စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် မြန်မာနိုင်ငံ၏ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေပြီး စီးပွားရေးအရအကျိုးရှိကာ ရေရှည်တည်တံ့သော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော တောင်ပင်လယ်ပုလဲထုတ်လုပ်မှုလုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ပါသည်။ ။

**ကိုးကား**


**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း (၂၀၂၆)။ မြန်မာ့ပုလဲအကြောင်း သိကောင်းစရာများ။**

**Boon, P., Callow, M., & Grantham, H. (2016). Marine Spatial Planning for Myanmar: Strategic Advice for Securing a Sustainable Ocean Economy. Wildlife Conservation Society (WCS), Myanmar.**

**Holmes, K. E. and Tint Tun., et al. (2014). Marine Conservation in Myanmar: The Current Knowledge of Marine Systems and Recommendations for Research and Conservation. Yangon: Wildlife Conservation Society (WCS) Myanmar.**

# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အရိပ်မထွက်ဘုရားနှင့် သစ္စာနန္ဒီဘုရားနီဆုတောင်းပြည့်မြတ်စွာဘုရား ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်



မန္တလေး ဩဂုတ် ၂၃

မန္တလေးငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်ဘုရား စေတီတော်ကြီးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၁၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး ၂၀၂၇ ခုနှစ်တွင်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အလားတူ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်သစ္စာနန္ဒီဘုရားနီဆုတောင်းပြည့် မြတ်စွာဘုရား အထက်ပစ္စယံငြမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဘုရားနီဘုရားသည် အမရပူရလက်ရာဖြစ်သည့်အတွက် အတွင်းနှစ်ထပ်မူလစေတီကို ဖူးမြော်ကြည်ညိုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုသို့ပြုပြင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ကြည့်ရှုအားပေးပြီး ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာများ ထိခိုက်မှုမရှိအောင် ပြုပြင်ထိန်းသိမ်းရန်၊ သာသနိကအဆောက်အအုံများဆောက်လုပ်ရာတွင် စေတီတော်ကြီး မြင်ကွင်းမကွယ်အောင်စီစဉ်ရန်နှင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်သာသနာ့ဗိမာန်တော်၌ ဆဋ္ဌသင်္ဂါယနာတင် ပိဋကသုံးပုံအဋ္ဌကထာကွန်ပျူတာစာမူကျမ်းစာအုပ်များနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက လှူဒါန်းသော ဗုဒ္ဓဝါဒဆိုင်ရာ စာအလင်္ကာများ၊ ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးစာအုပ်များအား ပရိယတ္တိစာသင်တိုက်ကြီးများသို့ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့တက်ရောက်ပြီးပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူကျမ်းစာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် ပိဋကသုံးပုံအဋ္ဌကထာကွန်ပျူတာစာမူကျမ်းစာအုပ်များ၊ ရှေးစာဆိုများ၏ ဗုဒ္ဓဝါဒဆိုင်ရာ စာအလင်္ကာများနှင့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးစာအုပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရွှေဘုန်းရှိသီကျောင်းတိုက် ဆရာတော် အမှူးပြုသော စာသင်တိုက်ကြီးများမှ ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာရေစက်သွန်းချတရားနာကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆွမ်းဦးပုညရှင်စေတီတော် ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ (လာခုဂ်ခါင်.စူး)ပွဲတော် ဘားအံမြို့၌ ကျင်းပ



ဘားအံ ဩဂုတ် ၂၃

(၄၇)ကြိမ်မြောက် ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ပွဲတော်ကို ယနေ့နံနက် ၉ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ပွဲတော်သို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်အားပေးကြသည်။

အဆိုပါပွဲတော်တွင် သဘာပတိက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဆုတောင်းမေတ္တာစကားပြောကြားကာ ကရင်တိုင်းရင်းသားလူငယ်မောင်မယ်များက ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ဖြစ်ပေါ်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖတ်ကြားကြသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ငွေကျပ်သိန်း ၃၀၀ ကို ပွဲတော်ကျင်းပရေးကော်မတီနာယကထံ ချီးမြှင့်ပေးအပ်ပြီး ပွဲတော်ကျင်းပရေးကော်မတီက (၄၇)ကြိမ်မြောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ(လာခုဂ်ခါင်.စူး) ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေထည့်ဝင်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့က ကရင်တိုင်းရင်းသားရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ အဘိုးအဘွားများထံတွင် ချည်ဖြူဖွဲ့မင်္ဂလာခံယူကြသည်။

ချည်ဖြူဖွဲ့ရာတွင် ငှက်ပျောသီး၊ ကောက်ညှင်းထုပ်၊ ထမင်းဆုပ်၊ နတ်ပန်းညို၊ ချည်ဖြူ၊ သန့်စင်သောရေကြည်ပိုင်း စသည့်ပစ္စည်းခုနစ်မျိုးပါဝင်ပြီး တစ်ခုချင်းစီ၏ဂုဏ်သတ္တိများအလိုက်ကရင်တိုင်းရင်းသားတို့အား စုပေါင်းညီညွတ်စွာနေထိုင်စေလိုသည့် အဓိပ္ပာယ်များပါဝင်ကြောင်း၊ မွန်မြတ်သန့်စင်၍ ချစ်စရာကောင်းသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာကောင်းများကို ကရင်တိုင်းရင်းသားများထိန်းသိမ်းသည့် ပွဲတော်တစ်ရပ်ဖြစ်ကြောင်းနှင့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို ဝါခေါင်လတစ်လလုံး နေရာဒေသအနှံ့အပြားတွင် ကျင်းပလေ့ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် မိုးရာသီ နေပြည်တော်အဆင့် (တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

၂၀၂၆ ခုနှစ် မိုးရာသီ နေပြည်တော်အဆင့် (တတိယအကြိမ်) သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သီရိမင်္ဂလာပိုင်လမ်းမကြီးဘေး၌ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ကံ့ကော်ပင်အား စတင်စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ ကံ့ကော်၊ ရေတမာ၊ မဟော်ဂနီ၊ ဆီသပြေ၊ ကုက္ကို၊ စိန်ပန်း၊ ပျဉ်းမ စသည့် အပင် ၁၅၀၀ စိုက်ပျိုးနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက လှည့်လည်ကြည့်ရှုအားပေးသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည့် ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် သမိုင်းဌာနမှပါမောက္ခဌာနမှူး ဒေါက်တာကျော်ဆွေညွန့်က ဆွေးနွေးပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုရေးဌာနသို့သွားရောက်၍ ကလေးများအတွက် သင်ထောက်ကူပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

# စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၆ ခုနှစ် စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသအတွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် ဌာနမှူးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများစုပေါင်း၍ သစ်ပင်စိုက်ပျိုးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က တိုင်းဒေသကြီး ဌာနဆိုင်ရာများမှဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျွန်းပင် ၁၂၀၀၀၊ ပျဉ်းကတိုးပင် ၁၂၀၀၀၊ မဟော်ဂနီပင် ၁၃၆၀၀ နှင့် သရက်ပင် ၂၀၀ စုစုပေါင်း ၃၇၈၀၀ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၄˚c | / | ၃၀˚c |
| မန္တလေး | ၂၆˚c | / | ၃၄˚c |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

★ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်သမ္မတနှင့်အတူအဖွဲ့ဝင်များအဖြစ်လိုက်ပါသွားကြသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန်နှင့်တာဝန်ရှိသူများက တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ တရားဝင်ခရီးစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ ပူတင်နှင့်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံအကြား အစိုးရများနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ ဘက်စုံကဏ္ဍစုံမှ မဟာဗျူဟာမြောက်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ အာကာသသိပ္ပံနှင့် နည်းပညာကဏ္ဍ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ခရီးသွားကဏ္ဍ အပါအဝင် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သကဲ့သို့ ကဏ္ဍများအလိုက်သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးအပြန်အလှန်လဲလှယ်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများနှင့် စီးပွားရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးဖိုရမ်များကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့၏ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် များစွာအကျိုးပြုအထောက်အကူပြုသည့် ခရီးစဉ်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

PPIB News

# MFF ယူ-၁၆ ပြိုင်ပွဲတွင် FFU Minmahaw နှင့် Victoria အသင်းတို့ ဂိုးပြတ်အနိုင်ရ



ရန်ကုန် ဩဂုတ် ၂၃

အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီမှ ကြီးမှူးကျင်းပသည့် MFF U-16 Youth Futsal League 2026 ပွဲစဉ်(၁၀) ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

နံနက်ပိုင်းအဖွင့်ပွဲစဉ်တွင် FFU Minmahaw FC အသင်းက Shwe Pyi Thar United FC အသင်းကို ၁၀ ဂိုး ၁ ဂိုးဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားအတွက် အရေးပါသည့်သုံးမှတ်ကို အပြည့်အဝရယူနိုင်ခဲ့သည်။ ဒုတိယပွဲစဉ်တွင် TKA Star FC အသင်းက Bushido FC အသင်းကို ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မွန်းလွဲပိုင်းပွဲစဉ်များတွင် United City FC အသင်းက Jullniss FC အသင်းကို ၅ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သကဲ့သို့ SGF Youth FC အသင်းက Pacific Sun Far FC အသင်းကို ၆ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ညနေပိုင်းပွဲစဉ်များတွင် Victoria အသင်းက Mar Rein FC အသင်းကို ၉ ဂိုး ၅ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Mahar Burma အသင်းက Avengers Junior အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြကြောင်းသိရသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

⇨ **ရောဝတီအက်ဖ်စီမှ**

အာရှအမျိုးသမီးချန်ပီယံလိဂ်အုပ်စုအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

ပထမပိုင်းတွင် ရောဝတီအက်ဖ်စီအသင်းသည် တိုက်စစ်နှင့်ခံစစ် မျှတစွာကစားခဲ့ပြီး ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။

ဒုတိယပိုင်းပွဲကစားချိန် ၅၇ မိနစ်အရောက်တွင် လူစားဝင်ကစားသမားလင်းမြင့်မိုရ်က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။

လက်ကျန်ပွဲကစားချိန်များတွင်လည်း ရောဝတီအက်ဖ်စီအသင်း ဦးဆောင်ဂိုးထပ်မံရရှိရေး ဂိုးခြိမ်းခြောက်မှုများရှိခဲ့သော်လည်း ဂိုးသွင်းနိုင်ခြင်းမရှိသည့်အတွက် ၁ ဂိုး ဂိုးမရှိဖြင့် ရောဝတီအက်ဖ်စီအသင်းက New Taipei City Hang Yuan အသင်းကို အနိုင်ရရှိခဲ့ကြောင်းသိရသည်။

**ဝန်းရံခ**

➜ **ကြက်တောင်ပြိုင်ပွဲမှ**

ဆွတ်ခူးရရှိကြောင်း သိရသည်။


မြန်မာ့လူငယ်လက်ရွေးစင်အားကစားသမားများသည် ယင်းပြိုင်ပွဲ၏ အသက် ၁၆ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက်ပြိုင်ပွဲနှင့် အသက် ၂၃ နှစ်အောက်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်တစ်ခုစီ၊ တံခွန်စိုက်ပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီး အသက် ၁၆ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက်ပြိုင်ပွဲနှင့်အသက် ၂၃ နှစ်အောက်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၆ ခုနှင့် ကြေးတံဆိပ် ၄ ခုတို့ ဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် ဘရူနိုင်း၊ လာအို၊ အရှေ့တီမော၊ မြန်မာနှင့် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံတို့မှ ကြက်တောင်ကစားသမား ၁၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယင်းကစားသမားများနှင့်အတူ မြန်မာ့လူငယ်လက်ရွေးစင်အားကစားသမားများဖြစ်ကြသည့် Lal Zuidika၊ ဆုလတ်၊ ဖြိုးသူရိန်ကျော်၊ ဥဏ်ရှိန်လင်း၊ အိမ့်ချစ်ဖူး၊ လင်းလင်းထက်၊ Seng Hlaing Main၊ ဟိန်းသီဟအောင်၊ မင်းမြတ်မိုး၊ ကောင်းမြတ်ချမ်းသာ၊ သွန်းနန္ဒီဖြိုး၊ နန်းစံချမ်းသော်တို့က အသက် ၁၆ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက်ပြိုင်ပွဲ၊ အသက် ၂၃ နှစ်အောက်ပြိုင်ပွဲ အမျိုးအစားများတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲစသည့်ပြိုင်ပွဲအမျိုးအစားအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ အထွေထွေအတွင်းရေးမှူးနှင့် နည်းပြများ၊ အားကစားသမားများပါဝင်သော နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရမြန်မာ့လက်ရွေးစင်ကြက်တောင်အားကစားအဖွဲ့သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။ **ဝန်းရံခ**

⇛ **အပူပိုင်းမုန်တိုင်းမှ**

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။




မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှအားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “နာရာ” (Narra)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ မိုးကြီးမည့်သတိပေးချက်နှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မိုး/ဇလ)**





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော်တူဗားရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့်သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေသရုပ်ဖော်တင်ဆက်ပြသခြင်းများကို ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အမျိုးသားပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာစဉ်။

◆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားပြီး The Center of Asia အထိမ်းအမှတ်ကျောက်တိုင် နေရာ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ The Center of Asia ကျောက်တိုင်တည်ရှိသည့်နေရာသည် Great Yenisei နှင့် Little Yenisei မြစ်နှစ်စင်းဆုံစည်းရာ Yenisei မြစ်ကမ်းနံဘေး မြောက်လတ္တီတွဒ် ၅၁ ဒီဂရီ၊ ၄၂ မိနစ်၊ ၄၁ စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ၊ ၂၇ မိနစ်၊ ၃၈ စက္ကန့်တွင်တည်ရှိပြီး အဆိုပါ The Center of Asia သည် အာရှတိုက်၏ ပထဝီဗဟိုချက်ကျရောက်သည့်နေရာကို အထိမ်းအမှတ်ကျောက်တိုင်အဖြစ် တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် တူဗားပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားဂီတနှင့်ပြဇာတ်ရုံ "V.Kok-ool" သို့ရောက်ရှိကြပြီး တူဗားပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာကျော် တူဗားရိုးရာလည်ချောင်းသံဖြင့် သံစဉ်ပြုလုပ်သီဆိုရသော ရိုးရာတေးသီချင်းများဖြင့်သီဆိုဖျော်ဖြေခြင်းနှင့် ရိုးရာတူရိယာပစ္စည်းများဖြင့် ယဉ်ကျေးမှုအဖွဲ့များက တီးမှုတ်ဖျော်ဖြေ သရုပ်ဖော်တင်ဆက်ပြသခြင်းများကို ကြည့်ရှုအားပေးကြပြီး တူဗားပြည်နယ် အမျိုးသားဂီတနှင့် ပြဇာတ်ရုံ "V.Kok-ool"၏ သမိုင်းမှတ်တမ်းပြခန်းအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ တူဗားပြည်နယ် အမျိုးသားဂီတနှင့်ပြဇာတ်ရုံ "V.Kok-ool" သည် ကီဇီးလ်မြို့၏ ဗဟိုချက်မဖြစ်သော Arat Square (အာရက်ရင်ပြင်တွင်) တည်ရှိပြီး ၁၉၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တူဗားပြည်နယ်၏ ထင်ရှားကျော်ကြားသော သရုပ်ဆောင်၊ စာရေးဆရာနှင့် ပြဇာတ်ရေးဆရာ Viktor Shogzhapovich Kok-ool ကို ဂုဏ်ပြု၍ နာမည်ပေးထားခြင်းဖြစ်ကာ အဆိုပါအမျိုးသားဂီတနှင့် ပြဇာတ်ရုံတွင် ကမ္ဘာကျော် တူဗားရိုးရာလည်ချောင်းသံသီချင်းများနှင့် ရိုးရာတူရိယာပစ္စည်းများ အသုံးပြု၍ တီးခတ်သီဆိုသရုပ်ဖော်တင်ဆက်ခြင်းများကို တူဗားဘာသာစကားနှင့်ရုရှားဘာသာစကားတို့ဖြင့် ကဏ္ဍအလိုက် တင်ဆက်လေ့ရှိကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အမျိုးသားပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်အကြီးအကဲနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တူဗားလူမျိုးများ၏ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွားတော်များ၊ လူမျိုးရေးဆိုင်ရာ ရှေးဘိုးဘေးတို့၏ အသုံးအဆောင်ပစ္စည်းများ၊ လက်ဝတ်ရတနာအဆင်တန်ဆာများ၊ ရှေးယခင်ကအမဲလိုက်ရာတွင်အသုံးပြုခဲ့သည့် လက်နက်ကိရိယာများ၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာများနှင့် တူဗားလူမျိုးများဝတ်စားဆင်ယင်ခဲ့သည့် ရိုးရာဝတ်စုံများ၊ တူဗားဒေသရှိ ယခင်က နေထိုင်မှုပုံစံသရုပ်ပြခန်းများ အတွင်း စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြတိုက်မှတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းပြီး ပြန်လည်ဆွေးနွေးပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တူဗားပြည်နယ်အမျိုးသားပြတိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုပြတိုက်နေရာသို့ ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြတိုက်သည် တူဗားလူမျိုးများ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်းထိန်းသိမ်းပြသထားသည့်နေရာတစ်ခုဖြစ်ကြောင်း၊ တူဗားပြည်သူ့သမ္မတနိုင်ငံခေတ်မှ ရှားပါးအသုံးအဆောင်ပစ္စည်းများ၊ စာရွက်စာတမ်းများ၊ လူမျိုးရေးဆိုင်ရာပစ္စည်းများ၊ နတ်ကိုးကွယ်ယုံကြည်မှု၊ ဗုဒ္ဓဘာသာနှင့်အော်သိုဒေါ့တို့၏ဘာသာရေးဆိုင်ရာပြခန်းများ၊ တူဗားလူမျိုးတို့၏ မဟာမျိုးချစ်စစ်ပွဲတွင် ပါဝင်မှုပြခန်းများအပါအဝင် ပြခန်းပေါင်း ၂၄ ခန်းကို ခင်းကျင်းပြသထားကြောင်း၊ တူဗားပြည်နယ်အမျိုးသားပြတိုက်သည် တူဗားပြည်နယ်၏ ထူးခြားသောသမိုင်းဝင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စနစ်တကျထိန်းသိမ်းထားရှိသည့်နေရာတစ်ခုဖြစ်ကြောင်းသိရှိရသည်။

ယခု နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ရောက်ရှိခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သည် ရုရှားနိုင်ငံတောင်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ တူဗားပြည်နယ်၏ မြို့တော်တစ်ခုဖြစ်ကြောင်း၊ တူဗားပြည်နယ်သည်ကုန်းတွင်းပိတ်ဒေသတစ်ခုဖြစ်ပြီး မြေမျက်နှာသွင်ပြင်များမှာထူးခြားပြီး Sayan Mountains နှင့် Altai Mountains တို့က ဒေသကိုဝန်းရံထားပြီး အလယ်ပိုင်းတွင်ကျယ်ပြန့်သည့် ချိုင့်ဝှမ်းလွင်ပြင်များရှိကြောင်း၊ ဒေသအတွင်း Yenisei မြစ်ကဖြတ်သန်းစီးဆင်းလျက်ရှိပြီး ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိသည့်မြစ်တစ်ခုဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများတွင် မြင်းမွေးမြူခြင်းသည် တူဗားဒေသ၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ်ပါဝင်ကြောင်း၊ တူဗားဒေသတွင်နေထိုင်ကြသူများ၏ ဘာသာစကား၊ ဂီတ၊ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယုံကြည်မှုများသည် အလယ်အာရှနှင့် ဆိုက်ဘေးရီးယားဒေသယဉ်ကျေးမှုများကို ပေါင်းစပ်ထားသည့်ပုံစံဖြစ်ကြောင်း၊ တူဗားဒေသသည် တိဗက်ဗုဒ္ဓဘာသာ၊ အော်သိုဒေါ့ခရစ်ယာန်ဘာသာနှင့် ရှာမန်နတ်ကိုးကွယ်မှုများယှဉ်တွဲတည်ရှိသည့် ယဉ်ကျေးမှုအစဉ်အလာများကို ကောင်းမွန်စွာထိန်းသိမ်းထားသည့်နေရာဖြစ်ကြောင်း၊ တူဗားဒေသ၏ မြို့တော်ဖြစ်သည့် ကီဇီးလ်မြို့တွင် ရုရှားနိုင်ငံ၏ အကြီးဆုံးဗုဒ္ဓဘုရားကျောင်းတော်တည်ရှိပြီး ဗုဒ္ဓဘာသာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ထားရှိကြောင်း၊ (၄)ကြိမ်မြောက်နိုင်ငံတကာ ဗုဒ္ဓဘာသာဖိုရမ်ကို မကြာခင်က ကျင်းပပြုလုပ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးနယ်ပယ်မှ ထင်ရှားကျော်ကြားသည့်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း၊ အလားတူ အဆိုတော်တစ်ဦးတည်းမှနေ၍ မြစ်ရေစီးသံ၊ လေတိုက်သံ၊ မြင်းသံစသည်များကို အသံတုများအဖြစ် ဖန်တီးသီဆိုသည့် ရိုးရာဂီတသည် တူဗားဒေသ၏ထင်ရှားသောရိုးရာဂီတဖြစ်ကြောင်း၊ တူဗားဒေသသည် ဆောင်းရာသီတွင် အလွန်အေးမြပြီး နွေရာသီတွင်နေ့အပူချိန်မြင့်မားသဖြင့် ရာသီဥတုအလွန်ပြင်းထန်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ တူဗားဒေသသည် ယဉ်ကျေးမှု၊ လှပသည့်သဘာဝတောတောင်ရေမြေများနှင့်သမိုင်းကြောင်းများအရထင်ရှားမှုများရှိသဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထူးခြားလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing visits landmarks in Tuva Republic





President U Min Aung Hlaing observes the Centre of Asia monument.

NAY PYI TAW August 23

President of the Republic of the Union of Myanmar U Min Aung Hlaing, who is on an Official Visit to Kyzyl in the Tuva Republic of the Russian Federation, together with the Union ministers and members, Head of the Tuva Republic Mr. Vladislav Khovalyg, Deputy Speaker of the State Duma Mr. Kara-ool Sholban, and officials, visited landmarks in Kyzyl this morning.

The President and his entourage observed the "Centre of Asia" monument, located on the riverbank and marking the geographical centre of Asia. The President asked questions and discussed matters of interest based on the explanations provided by the officials. The President and party posed for a group documentary photo at the "Centre of Asia" monument.

The "Centre of Asia" monument is located on the bank of the Yenisei River, at the confluence of the Great Yenisei and Little Yenisei rivers, at 51°, 42' and 41" north latitude and 94°, 27' and 38" east longitude. The monument was erected to mark the geographical centre of Asia and is one of the prominent landmarks of the Tuva Republic.

The President and members of the delegation arrived at the V. Kok-ool National Music and Drama Theatre of the Tuva Republic. They enjoyed performances by the Tuva Republic cultural troupe featuring traditional songs performed using the world-renowned Tuvan throat-singing technique, as well as musical performances and cultural presentations featuring traditional Tuvan musical instruments. They also observed the historical exhibition gallery of the V. Kok-ool National Music and Drama Theatre.

The theatre is located at Arat Square, in the heart of Kyzyl. It was opened in 1936 and was named in honour of Viktor Shogzhapovich Kok-ool, a renowned actor, writer and playwright from the Tuva Republic. The theatre regularly presents performances in the Tuvan and Russian languages, featuring world-famous traditional Tuvan throat singing and traditional musical instruments, with various forms of musical and theatrical presentations.

The President and members of the delegation arrived at the National Museum of the Tuva Republic, where they were warmly welcomed by the museum head and officials. They toured the museum with keen interest, viewing the Buddha images worshipped by the Tuvan people during the period of the Tuvan People's Republic, traditional household items used by their ancestors, jewellery and ornaments, weapons and tools

See Page - 21●●



President U Min Aung Hlaing looks around the V. Kok-ool National Music and Drama Theatre.



President U Min Aung Hlaing visits the National Museum.

# 20 online scam and gambling suspects arrested with equipment in Muse, Northern Shan State

NAY PYI TAW August 23

The government is actively ramping up systematic crackdowns in cooperation with neighbouring and regional nations to eradicate online fraud and online scam operations that threaten global socio-economic stability and national security, taking strict legal action against offenders.

As part of these ongoing enforcement efforts, joint security forces today successfully uncovered and arrested 20 individuals involved in online fraud and gambling operations, along with their work equipment, in Muse, northern Shan State.

To prevent operators from basing themselves in local jurisdictions, joint security teams conducted investigative sweeps in target areas. Around 4:30 pm today, authorities raided a residence in Kaungmulwe area, Kaunghmutone Ward, Muse. They arrested 20 suspects—consisting of one undocumented Chinese national, 17 Myanmar men, and two Myanmar women—and seized 77 assorted mobile phones, three all-in-one desktop computers, one laptop, and related operational equipment.

Following interrogations, effective and severe legal action will be taken against the arrested suspects under existing laws, and the confiscated equipment will be handled in accordance with official procedures.





Online scam and gambling suspects—one Chinese male and 19 Myanmar nationals (17 males and two females), totaling 20 individuals—pictured following their arrest in Kaunghmutone Ward, Muse, northern Shan State.

Authorities reaffirmed that high-priority, intensive crackdown operations will continue unabated to prevent online scam networks from taking root in Myanmar and to eliminate these operations entirely.

**100**

# Plan underway to grow more than 34,000 acres of rainfed paddy in Kyunhla Township

KYUNHLA August 23

According to the statistics of Kyunhla Township Agriculture Department in Sagaing Region, local farmers will grow more than 34,000 acres of rainfed paddy in the township during this monsoon.

During the 2026-2027 monsoon cropping season, Kyunhla Township has targeted the cultivation of 34,101 acres of rainfed paddy. Planting will be carried out from July through September this year, according to reports.

"We have set a target of cultivating more than 34,000 acres of monsoon paddy in Kyunhla Township during this year's monsoon cropping season. Efforts will be made to ensure that the target acreage is fully achieved. Necessary technologies and seed varieties required for paddy cultivation will be provided. Field-level assistance will also be carried out to help farmers plant their monsoon paddy on time," said Daw Myint Myint Yi, Head of the Township Department of Agriculture in Kyunhla.

It is reported that the relevant township Department of Agriculture and local farmers will work together to ensure that monsoon paddy cultivation can be carried out systematically and without difficulties during this year's cropping season.

In Kyunhla Township, monsoon paddy farmers will be provided with agricultural technical assistance, awareness training on pest prevention and control, guidance to minimize crop losses, and information to ensure that harvested paddy is transported under shelter in a timely manner.

To ensure successful cultivation and good yields from this year's monsoon paddy fields in Kyunhla Township, staff from the Township Department of Agriculture will conduct field visits and provide technical guidance on selecting and planting high-quality, pure seed varieties, monitoring and preventing pest infestations, proper land preparation and weeding, rogueing off-type plants, and the systematic application of fertilizers.

**SK**

# Taze Township grows more than 1,000 acres of pigeon pea this monsoon

TAZE August 23

Local farmers have planted more than 1,000 acres of pigeon pea in Taze Township of Sagaing Region, according to the Township Agriculture Department.

During the 2026-2027 monsoon crop season, Taze Township has planned to cultivate 2,457 acres of pigeon pea. Cultivation began in May this year, and 1,859 acres have been planted so far, it is learnt.

"This year's monsoon crop season, Taze Township has planned to cultivate more than 2,000 acres of pigeon pea. More than 1,000 acres have already been planted as of today. We are working to ensure that the targeted acreage is fully cultivated. We are also providing assistance to achieve good yields from pigeon pea cultivation. Farmers cultivate pigeon pea as a sole crop as well as a mixed crop," said U Ohn Kyaw Myint, Head of the Township Agriculture Department in Taze Township.

The Township Agriculture Department in Taze Township is conducting field awareness activities for pigeon pea farmers on selecting and cultivating quality and pure seeds, using proper cultivation methods, preventing pest risks, and achieving good yields. **SMK**

# Farmers harvest all sown acreage of summer paddy in Mawlaik Township

MAWLAIK August 23

Statistics of Mawlaik Township Department of Agriculture in Sagaing Region said that local farmers have harvested all plantations of summer paddy in the township.

In Mawlaik Township, a total of 1,012 acres of summer paddy were cultivated during this year's summer cropping season. The cultivated fields have been harvested since May, and as of now, harvesting has been completed on 100 percent of the planted area, with an average yield of 88.32 baskets per acre.

"This year, only 1,012 acres of summer paddy were cultivated in Mawlaik Township during the summer cropping season. At present, harvesting has been completed on all of the cultivated acreage. We provided agricultural technical assistance to summer paddy farmers, raised awareness on pest prevention and control, advised farmers on minimizing crop losses, and informed them about the importance of ensuring that harvested paddy is transported under shelter in a timely manner," said U Kyaw Sein Oo, Head of the Department of Agriculture in Mawlaik Township.

To help improve per-acre yields and achieve target production levels, the Department of Agriculture in Mawlaik Township distributed quality certified seed varieties, provided technical extension pamphlets, conducted farmer training courses and educational discussions, and facilitated the timely availability of necessary agricultural inputs for summer paddy growers.

Farmers have also been encouraged to make advance preparations for the timely cultivation of summer paddy and other crops after harvesting monsoon paddy and other monsoon crops. These preparations include following the Department of Agriculture's guidelines on the prevention and control of crop pests and diseases, undertaking soil fertility improvement measures, and securing quality certified seeds in advance in coordination with the Department of Agriculture.

**SMK**

# Putin, Trump will inevitably meet at APEC summit in China if both attend - Kremlin Aide



MOSCOW August 23

Russian President Vladimir Putin and US President Donald Trump will inevitable meet at the APEC summit in China if they both come there, Kremlin aide Yuri Ushakov said on Sunday.

"There is so much time before the APEC summit. But if the leaders find themselves at the same event, I think, they will inevitably meet and talk," Ushakov told Russian media.

The next APEC summit will be held in the Chinese city of Shenzhen from November 18-19.

**Sputnik**

# Iran uncovers vast new gas field exceeding 200 billion cubic meter

TEHRAN August 23

Iran has discovered a gas field with reserves of more than 200 billion cubic meters, Iran' s Oil Minister Mohsen Paknejad said.

"More than 7.5 trillion cubic feet of gas have been discovered. With a recovery factor of over 72 percent, there is the potential to produce more than 5.7 trillion cubic feet of gas," Paknejad told.

The volume of discovered gas reserves is equivalent to more than 200 billion cubic meters, and the potential production volume is more than 160 billion cubic meters.

The Oil Minister noted that the above volume of gas is equivalent to the volume that one phase of the South Pars field development could supply over the course of 15 years. **Sputnik**

# Car crash kills seven, including two police officers, in Britain



LONDON August 23

Seven people were killed in a car collision in Cleveland, Britain, early Saturday morning, local police said.

The fatalities included "two serving Cleveland Police officers who were in a marked police vehicle and five members of the public who were traveling in a Volkswagen Passat," police said in a statement.

"The Passat was traveling the wrong way along the A66 and collided with a police vehicle that was traveling on the same road in the right direction," the statement said, adding that all occupants of both vehicles were pronounced dead at the scene.

British Prime Minister Andy Burnham said on social media that he was "devastated" to hear that the two officers had lost their lives while on duty in Cleveland, along with five members of the public.

**Xinhua**

# Philippine congress eyes total social media ban for children aged 13 and below

MANILA August 23

The Philippine House of Representatives is drafting a measure that would impose a total ban on social media and online gaming platforms for children aged 13 and below, while regulating use by those aged 14 to 17, local media reported on Sunday.

According to the reports, Representative Roman Romulo, chair of the House Committee on Basic Education and Culture, said those under 13 would be barred from such platforms, while users aged 14 to 17 would face regulation with certain features banned.

Romulo said all platforms seeking to operate in the Philippines must establish a local presence or face blocking by the Department of Information and Communications Technology. Congress also plans to create a classification board to monitor online games accessible to young players.

**Xinhua**

# Pentagon fires Stars and Stripes chiefs after censorship row

WASHINGTON August 23

The Pentagon has fired senior employees of its official newspaper Stars and Stripes after they publicly criticized what they called government interference in its editorial policy.

First published during the US Civil War in 1861, the newspaper has served as a voice for American troops and reaches about 1.4 million readers daily online and through its overseas print editions.

Although partly funded by the Pentagon, it is legally required to maintain editorial independence. The paper recently criticized US tactics in the war against Iran and reported on numerous problems facing the military during the campaign.

Editor-in-chief Erik Slavin, publisher Max Lederer, and Middle East reporter Lara Korte each received a notice of separation on Friday citing insubordination.

Slavin told AP that he was fired "for stating in a CBS interview that hypothetical censorship of news for service members would constitute a red line."

"I stand by the principle that Stars and Stripes must remain editorially independent, as required by law and by the department's own policies," he added.

Korte, who participated in the same interview last month, wrote on X that she was dismissed after telling CBS that she worked for Stars and Stripes and "not the Pentagon, not any administration, and not any policy maker."

Lederer, who had served as publisher for 19 years and was due to retire in September, wrote in his resignation letter on Tuesday that his understanding of the newspaper's "value and mission" differed "in fundamental ways" from the Pentagon leadership's plans.

In an interview published on July 5, the journalists criticized a push to rid the paper of what the Pentagon termed "woke distractions that siphon morale," as well as changes to regulations guaranteeing its independence. Slavin said his team had been barred from publishing news from paid wire services such as AP, making it "more difficult for us to cover breaking news."

Jacqueline Smith, the publication's ombudsman responsible for safeguarding its editorial independence, was fired in January after writing an article critical of Pentagon press restrictions. She later sued the US Department of War, alleging that her dismissal was retaliatory.

Stars and Stripes was among the first outlets to report on deteriorating living conditions and low morale aboard the aircraft carrier USS Abraham Lincoln, which spent more than 200 days operating near Iran without port calls.

It also reported on ammunition shortages and published an op-ed earlier this month by retired US Army Lieutenant Colonel Daniel L. Davis, who argued that "America's war against Iran has already been lost at the strategic level."

US President Donald Trump has repeatedly accused media outlets of spreading "fake news" and sued several of them. War Secretary Pete Hegseth has vowed to push "woke culture" out of the military and revive "the warrior spirit."

**RT**

# 6.0-magnitude quake jolts Japan's Hokkaido: JMA

TOKYO August 23

An earthquake with a preliminary magnitude of 6.0 struck off Urakawa in Japan's northern prefecture of Hokkaido, the Japan Meteorological Agency (JMA) said on Sunday.

According to the weather agency, the temblor occurred at around 10:45 pm. local time at a depth of about 40 km, measuring 4 on Japan's 0-to-7 seismic-intensity scale in the hardest-hit areas in Hokkaido.

The quake's epicenter was located at a latitude of 41.8 degrees north and a longitude of 142.9 degrees east.

No tsunami warning has been issued.

**Xinhua**

# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation arrive back after completion of Official Visits to Russian Federation and Republic of Belarus

NAY PYI TAW August 23

President of the Republic of the Union of Myanmar U Min Aung Hlaing, after paying Official Visits to Russia Federation at the invitation of President of the Russian Federation Mr. Vladimir Putin, and to the Republic of Belarus at the invitation of President of the Republic of Belarus Mr. Aleksandr Lukashenko, left Kyzyl International Airport, Kyzyl, Tuva Republic, Russian Federation at 11.30am local time today, and was warmly seen off at the airport by Head of the Tuva Republic Mr. Vladislav Khovalyg, Deputy Speaker of the State Duma Mr. Kara-ool Sholban, and officials of the local government, Myanmar Ambassador to Russian Federation U Myo Moe Aung, the Ambassador of Russian Federation to Myanmar, and officials.



President of the Republic of the Union of Myanmar U Min Aung Hlaing being welcomed by officials at the airport.

Members of the delegation, union ministers U Khin Maung Yi, U Tin Maung Swe, Dr. Chaw Chaw Sein, Dr. Thet Khaing Win, U Ko Ko Lwin, and Dr. Charlie Than, Chief Executive Officer of the Myanmar Space Agency Dr. Soe Myint Maung, Chief Minister of Taninthayi Region U Zaw Naing Oo, senior military officers from the Office of the Commander-in-Chief, deputy ministers and officials also left the airport together with the President.

The President and his high-level Myanmar delegation arrived back Nay Pyi Taw in the evening and were welcomed at the airport by Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway, Commander-in-Chief of Defence Services General Ye Win Oo, union ministers, the Nay Pyi Taw Council chairman, the Nay Pyi Taw Command commander,and officials of the Russian Federation Embassy and Military Attache Office to Myanmar.

During the Official Visits to the Russian Federation and the Republic of Belarus, President U Min Aung Hlaing held separate meetings with President of the Russian Federation Mr. Vladimir Putin and President of the Republic of Belarus Mr. Aleksandr Lukashenko and discussed issues on further deepening of friendship and cooperation between the governments and peoples of the two countries, and continued promotion of strategic partnership across multiple sectors at a faster pace. At the meetings, President U Min Aung Hlaing was able to further enhance Myanmar's strategic partnership with both countries by identifying effective ways to cement cooperation in multiple sectors including space science and technology, industrial and farming, trade and investment, education, health, culture, electricity and energy, and tourism sectors as well as to sign and exchange sector-wise agreements and organize business forums with both countries. Hence, both Official Visits provide significant support for national development initiatives.

**Myawady**

---

●● **From Page - 18**

formerly used for hunting, ancient cultural artefacts, and traditional costumes worn by the Tuvan people. The President and party also visited exhibition halls depicting the traditional ways of life of the people in the Tuva region, while museum officials provided explanations.

The President asked questions and held discussions on matters he wished to know more about based on the explanations provided. They then posed for a group documentary photo.

The National Museum of the Tuva Republic was established in 1929 and relocated to its present site and reopened in 2008. The museum serves as a repository and exhibition centre for the history and cultural heritage of the Tuvan people. It houses 24 exhibition galleries, featuring rare artefacts and documents from the period of the Tuvan People's Republic, ethnic and cultural artefacts, as well as galleries dedicated to shamanism, Buddhism and Orthodox Christianity. The museum also has an exhibition highlighting the participation of the Tuvan people in the Great Patriotic War. The museum is a place where the distinctive historical and cultural heritage of the Tuva Republic is systematically preserved and maintained.

Kyzyl, the capital of the Tuva Republic in southern Siberia of the Russian Federation, where the high-level delegation Myanmar led by President U Min Aung Hlaing has arrived, is the capital city of the Tuva Republic. The Tuva Republic is a landlocked region with distinctive geographical features. The area is surrounded by the Sayan Mountains and the Altai Mountains, with extensive valley plains in its central part. The Yenisei River flows through the region and greatly contributes to agricultural and livestock activities there. Horse breeding is also part of the traditional cultural heritage of the Tuva region. The language, music, traditional attire and beliefs of the people living in Tuva reflect a cultural blend of Central Asian and Siberian traditions. The Tuva region is a place where cultural traditions have been well preserved, with Tibetan Buddhism, Orthodox Christianity and shamanistic beliefs coexisting side by side. Kyzyl is home to Russia's largest Buddhist temple and also has a Buddhist university. The Fourth International Buddhist Forum was recently held there, attended by Buddhist monks from various countries around the world, as well as prominent figures from the political, administrative and social spheres. Likewise, traditional music featuring a single singer imitating sounds such as the flowing of a river, the blowing of wind and the neighing of horses through vocal techniques is one of the distinctive forms of traditional music in the Tuva region. The Tuva region experiences extremely harsh climatic conditions, with very cold winters and high daytime temperatures in summer. With its distinctive cultural traditions, beautiful natural landscapes of mountains, forests and waterways, and rich history, the Tuva region is one of the unique and beautiful regions of the Russian Federation.

**Myawady**

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက် (၂၀)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့်ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် တားဆီးမှုများဖြစ်သည့် Geobags နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များလိုက်လံပို့ဆောင်ပေးစဉ်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၀ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုဆိုင်ရာနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု(ONLINE SCAM)များကို ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ စနစ်တကျ အစီအစဉ်ချ၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၂၀ ဦးတို့အား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။








ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၂၀ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာကို တွေ့ရစဉ်။

ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့တွင် လုံခြုံရေးပူးပေါင်းအဖွဲ့များက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၂၀ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အောင်မြင်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄ နာရီ ၃၀ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်၊ ကောင်းမှုးလွယ်နယ်မြေရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင်ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ၁ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၂၀ ဦးတို့အား ဖုန်းမျိုးစုံ ၇၇ လုံး၊ ALL IN ONE ကွန်ပျူတာ ၃ လုံး၊ LAPTOP ၁ လုံး၊ အခြားလုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။





ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ကောင်းမှုတုံရပ်ကွက်အတွင်း ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၂၀ ဦးနှင့် လုပ်ငန်းသုံးပစ္စည်းများအား တွေ့ရစဉ်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၁၀၀)

# ပင်လယ်ပြင်စမ်းသပ်မှုများပြီးသွားတဲ့ John F. Kennedy

တန်ချိန် ၁၀၀၀၀၀ ရှိပြီး Gerald R. Ford-class ရဲ့ဒုတိယမြောက် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော ဖြစ်တဲ့ John F. Kennedy ဟာ အခုဆိုရင် လက်ခံနိုင်တဲ့ ပင်လယ်ပြင်စမ်းသပ်မှုများ ပြီးစီးသွားပြီဖြစ်ပါတယ်။ ဒီလေယာဉ်တင်သင်္ဘောမှာ A1B နျူကလီးယားဓာတ်ပေါင်း ဖိုနှစ်လုံးတပ်ဆင်ထားတာကြောင့် ယခင် Nimitz-class သင်္ဘောတွေထက် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်စွမ်း သုံးဆနီးပါး ပိုမိုမြင့်မားလာပါတယ်။ ဒါ့အပြင် သမားရိုးကျအသုံးပြုခဲ့တဲ့ ရေနွေးငွေ့စွမ်းအင်သုံး လေယာဉ်လွှတ်တင်စနစ်အစား ခေတ်မီလျှပ်စစ်သံလိုက်စွမ်းအင်သုံး လေယာဉ်လွှတ်တင်စနစ်နဲ့ အဆင့်မြင့်လေယာဉ်ဖမ်းစနစ်တို့ကို ပြောင်းလဲတပ်ဆင်ပေးထားတာကြောင့် တိုက်လေယာဉ်တွေနဲ့ မောင်းသူမဲ့လေယာဉ်တွေကိုပိုမိုငြိမ့်ညောင်းစွာလွှတ်တင်နိုင်ပြီး ပြန်လက်ခံနိုင်မှာဖြစ်ပါတယ်။



သင်္ဘောရဲ့ကုန်းပတ်ဒီဇိုင်းနဲ့ လက်နက်တင်စနစ်တွေကို အလိုအလျောက်စနစ်သုံး စက်ပစ္စည်းတွေနဲ့ အဆင့်မြင့်တင်ထားတာကြောင့် လေယာဉ်ပျံသန်းမှုနှုန်းကို ၃၃ ရာခိုင်နှုန်းအထိတိုးမြှင့်ပေးနိုင်ခဲ့သလို သင်္ဘောပေါ်မှာလိုအပ်တဲ့ သင်္ဘောသားအင်အားကိုလည်း ရာနဲ့ချီလျှော့ချနိုင်ခဲ့ပါတယ်။ ဒီလိုမျိုးအဆင့်မြင့်တင်မှုတွေကြောင့် သင်္ဘောရဲ့ အနှစ် ၅၀ သက်တမ်းအတွင်း လည်ပတ်မှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၄ ဘီလီယံအထိသက်သာစေပါမယ်။ **Ref: IE**

**ကိုထက်**

# BYD ရဲ့ ဘက်ထရီသုံးပြီး ကီလိုမီတာ ၁၀၀၀ ကျော် ခရီးနှင်နိုင်မယ့် Denza N8



တရုတ်စက်မှုနည်းပညာဝန်ကြီးဌာနရဲ့ နောက်ဆုံးထုတ်ပြန်ချက်များအရ BYD ရဲ့ Luxury Sub-brand ဖြစ်တဲ့ Denza မှ N8 အမျိုးအစား SUV မော်ဒယ်အသစ်ကို ၁၃၀ ကီလိုဝပ်နာရီရှိတဲ့ LFP ဘက်ထရီအသုံးပြုပြီး အဆင့်မြှင့်တင်လိုက်ကြောင်း သိရပါတယ်။ အဲဒီဘက်ထရီစနစ်အသစ်ကြောင့် Denza N8 EV မော်ဒယ်ဟာ တစ်ကြိမ်သာအားအပြည့်သွင်းရုံနဲ့ ၁၀၀၃ ကီလိုမီတာအထိ မောင်းနှင်နိုင်တော့မှာဖြစ်ပြီး ယခင် Hybrid မော်ဒယ်များရဲ့ ခရီးဝေးမောင်းနှင်နိုင်စွမ်းကိုယှဉ်ပြိုင်နိုင်လာပြီပဲဖြစ်ပါတယ်။

မော်ဒယ်အမျိုးအစားများအနေနဲ့ဆိုရင် အလျား ၅၁၅၀ မီလီမီတာရှိ ပုံမှန် N8 နဲ့ အလျား ၅၂၀၀ မီလီမီတာရှိပြီးကိုယ်ထည်ပိုမိုရှည်လျားတဲ့ Denza N8L ဆိုပြီး နှစ်မျိုးထုတ်လုပ်ပေးထားပါတယ်။ စွမ်းဆောင်ရည်ပိုင်းမှာ ရှိရိုး မော်တာတစ်လုံးတပ်မော်ဒယ်များအပြင် မော်တာသုံးလုံးပါဝင်တဲ့မော်ဒယ်အထိ ထုတ်လုပ်ပေးထားပြီး မြင်းကောင်ရေ ၁၁၉၃ ကောင်အား (၈၉၀ ကီလိုဝပ်)အထိ ထွက်ရှိမှာဖြစ်ပါတယ်။

Denza ဘက်က ၁၃၀ ကီလိုဝပ်နာရီရှိ ဘက်ထရီအပြင် ပေါ့ပါးတဲ့ ၁၀၅ ကီလိုဝပ်နာရီရှိ ဘက်ထရီပါမော်ဒယ်များကိုပါ ရွေးချယ်နိုင်အောင် စီစဉ်ထားပါတယ်။ အခုလို ဘက်ထရီနည်းပညာအဆင့်မြှင့်တင်မှုဟာ လျှပ်စစ်ကားများမှာကြုံတွေ့နေရလေ့ရှိတဲ့ ခရီးဝေးမောင်းနှင်စဉ် အားကုန်မှာကို စိုးရိမ်ရတဲ့စိုးရိမ်မှုကို ထိရောက်စွာဖြေရှင်းပေးနိုင်မှာပါ။ **Ref: EA**

**ကိုထက်**

# တောင်ပံအောက်မှ ဒရုန်းများလွှတ်မယ့် ANKA-III ဒရုန်း

တူရကီယဲကာကွယ်ရေးစက်မှုလုပ်ငန်းက ထုတ်လုပ်ထားတဲ့ ANKA-III ကိုယ်ပျောက်တိုက်ခိုက်ရေးဒရုန်းဟာ အလိုအလျောက်ပျံသန်းနိုင်တဲ့ Super Simsek အမည်ရှိ သီးခြားဒရုန်းနှစ်စင်းကို တောင်ပံအောက်မှာတပ်ဆင်ပြီး လေထဲမှာအောင်မြင်စွာ စမ်းသပ်လွှတ်တင်နိုင်ခဲ့ပါတယ်။

ဒီစမ်းသပ်မှုအတွင်း ANKA-III ဟာ သတ်မှတ်ထားတဲ့အမြင့် ရောက်ရှိချိန်မှာ Super Simsek ဒရုန်းတွေကို လေထဲမှာ အောင်မြင်စွာလွှတ်တင်ပေးတာပါ။ လွှတ်တင်ခံရတဲ့ ဒရုန်းတွေဟာ မိနစ် ၅၀ နီးပါး အလိုအလျောက် သီးခြားပျံသန်းခဲ့ကြပြီးနောက် လေထီးစနစ်ကိုအသုံးပြုကာ ဘေးကင်းစွာပြန်လည်ဆင်းသက်နိုင်ခဲ့ပါတယ်။

Super Simsek ဒရုန်းတွေက တစ်နာရီ မိုင် ၆၅၀ နီးပါးအမြန်နှုန်းနဲ့ ပျံသန်းနိုင်သလို လေထဲကနေစတင်လွှတ်တင်ရင် ကီလိုမီတာ ၈၀၀ အထိသွားနိုင်ပါတယ်။ ဒါ့အပြင် ကီလိုဂရမ် ၅၀ အထိလေးတဲ့ စစ်လက်နက်ပစ္စည်းတွေ ဒါမှမဟုတ် အီလက်ထရွန်နစ်စစ်ဆင်ရေးကိရိယာတွေကို သယ်ဆောင်နိုင်တာကြောင့် ရန်သူ့ရေဒါစနစ်တွေကို လှည့်ဖြားတဲ့ အယောင်ပြပစ်မှတ်အဖြစ် သာမက အသေခံတိုက်ခိုက်ရေးဒရုန်းအဖြစ်ပါ သုံးနိုင်မှာဖြစ်ပါတယ်။



ANKA-III ရဲ့ ရေဒါရှောင်နိုင်တဲ့ ဒီဇိုင်းနဲ့ အတူ ခုလိုအလိုအလျောက်ပျံသန်းနိုင်တဲ့ ဒရုန်းငယ်တွေကို လေထဲမှာဖြန့်ကြက်ပေးနိုင်မှုဟာ ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်တွေကို ထိရောက်စွာနှောင့်ယှက်ဖျက်ဆီးနိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ကော်ဖီပုံမှန်သောက်သူများမှာ ကြွက်သား၊ အဆီနဲ့ဟော်မုန်းများ ထူးခြားစွာပြောင်းလဲမှုရှိ

ကော်ဖီပုံမှန်သောက်တာက ခန္ဓာကိုယ်တည်ဆောက်ပုံ၊ ဇီဝဖြစ်စဉ်နဲ့ ဟော်မုန်းပမာဏအပေါ် ထူးခြားတဲ့ပြောင်းလဲမှုတွေဆက်စပ်ဖြစ်ပေါ်နေတယ်လို့ ဖင်လန်နိုင်ငံအူးလုတက္ကသိုလ်ရဲ့ လေ့လာတွေ့ရှိချက်အသစ်မှာဖော်ပြထားပါတယ်။ အဲဒီလေ့လာမှုမှာ အသက် ၄၆ နှစ်အရွယ်ရှိသူ ၂၂၆၄ ဦးရဲ့ ကျန်းမာရေးဆိုင်ရာအချက်အလက်တွေကို အသေးစိတ်ဆန်းစစ်ခဲ့ကြတာပါ။

သုတေသနတွေ့ရှိချက်အရ ကော်ဖီကိုပိုသောက်သူတွေက ခန္ဓာကိုယ်အလေးချိန်ညှိန်းကိန်းတူညီနေရင်တောင် ကော်ဖီကိုမသောက်သူတွေထက် စုစုပေါင်းခန္ဓာကိုယ်အဆီနဲ့ ဝမ်းဗိုက်အတွင်းကလီစာအဆီနည်းပါးပြီး အရိုးစုကြွက်သားထုပိုများကြောင်းတွေ့ရပါတယ်။ ဒါ့အပြင်အမျိုးအစား (၂)ဆီးချိုရောဂါဖြစ်ပွားမှုနဲ့ ဆက်စပ်နေတဲ့ Branched-Chain Amino Acids (BCAA) ပမာဏလျော့နည်းနေတာကိုလည်း အမျိုးသားရော အမျိုးသမီးမှာပါတွေ့ရပါတယ်။

ဟော်မုန်းပြောင်းလဲမှုမှာတော့အမျိုးသားတွေမှာ ပိုထင်ရှားတဲ့ပြောင်းလဲမှုတွေ တွေ့ရပြီး ကော်ဖီသောက်သူ အမျိုးသားတွေမှာ Total Testosterone နဲ့ SHBG ပရိတင်းပမာဏတွေပိုမြင့်နေကာ Free Testosterone ပမာဏကတော့ အနည်းငယ်လျော့နည်းနေတာကို တွေ့ရပါတယ်။ အမျိုးသမီးတွေမှာတော့ SHBG ပရိတင်း မြင့်မားတာကိုတွေ့ရပါတယ်။ **Ref: STD**

**ကိုထက်**



# လာမယ့်နှစ်မှာ ခေါက်ဖုန်းငါးမျိုးထုတ်လုပ်မယ့် ဆမ်ဆောင်း

ဆမ်ဆောင်းကုမ္ပဏီဟာ လာမယ့်နှစ်အတွင်းမှာ ခေါက်ဖုန်းအမျိုးအစားစုစုပေါင်း ငါးမျိုးအထိ တိုးမြှင့်ထုတ်လုပ်သွားဖို့ စီစဉ်နေတယ်လို့ အတွင်းသတင်းအရင်းအမြစ်များကို ကိုးကားပြီး GSMArena က ဖော်ပြလိုက်ပါတယ်။ လက်ရှိမှာ ဆမ်ဆောင်းဟာ Galaxy Z Fold နဲ့ Galaxy Z Flip ဆိုပြီး ခေါက်ဖုန်းအမျိုးအစားနှစ်မျိုးကိုပဲ ပုံမှန်မိတ်ဆက်ပေးနေတာပါ။ ဒါပေမဲ့ လာမယ့်နှစ်မှာတော့ ဈေးကွက်ဝယ်လိုအားနဲ့ နည်းပညာအသစ်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် ဈေးနှုန်းသက်သာမှုရှိတဲ့ ခေါက်ဖုန်းအမျိုးအစားတွေအပြင် မျက်နှာပြင်နှစ်ခုပါ ခေါက်လို့ရတဲ့ သုံးခေါက်ချိုးအမျိုးအစားဖုန်းအသစ်တွေကိုပါ တိုးချဲ့မိတ်ဆက်သွားဖို့ပြင်ဆင်နေတာ ဖြစ်ပါတယ်။



ဒါ့အပြင် မျက်နှာပြင်အရွယ်အစား ပိုမိုကြီးမားတဲ့ ခေါက်ဖုန်းမော်ဒယ်အသစ်နဲ့ Ultra မော်ဒယ်တွေကိုပါ စီစစ်ထုတ်လုပ်သွားဖို့ရှိနေပါတယ်။ ဒီလိုမျိုး ခေါက်ဖုန်းအမျိုးအစားတွေကို တိုးချဲ့ထုတ်လုပ်တာဟာ တရုတ်နည်းပညာကုမ္ပဏီများစွာရဲ့ ခေါက်ဖုန်းဈေးကွက်အတွင်း အပြိုင်အဆိုင်ထိုးဖောက်လာမှုကိုတုံ့ပြန်ပြီး ဈေးကွက်ရယူနိုင်ဖို့နဲ့ ခေါက်ဖုန်းနည်းပညာဦးဆောင်သူအဖြစ် ဆက်လက်ရပ်တည်နိုင်ဖို့အတွက် ဖြစ်တယ်လို့ ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်နေကြပါတယ်။ **Ref: GA**

**ကိုထက်**

# ထိုင်းတောင်ပိုင်းမှာ အကြမ်းဖက်မှုပေါင်း ၁၂၀၀ ကျော်ဖြစ်ပွားပြီး လူပေါင်း ၃၂၀၀ ကျော် ထိခိုက်သေဆုံးခဲ့ရ

**ဘန်ကောက်၊ အကြမ်းဖက်မှု**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ နယ်စပ်ဒေသတွေမှာ ၂၀၁၇ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်ဇူလိုင်လအထိဖြစ်ပွားခဲ့တဲ့ မငြိမ်မသက်မှုတွေကြောင့် လူပေါင်း ၃၂၇၀ ထိခိုက်သေဆုံးရပြီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ပေါင်း ၁၂၇၁ ခုအထိ ရှိခဲ့တယ်လို့ စာရင်းအချက်အလက်တွေအရ သိရပါတယ်။



ဒီအချက်အလက်တွေကို တောင်ပိုင်းနယ်စပ်ဒေသ အုပ်ချုပ်ရေးဌာနနဲ့ ဒေသတွင်းသတင်းဌာနတစ်ခုတို့က ဩဂုတ်လ ၂၃ ရက်မှာထုတ်ပြန်လိုက်တာပါ။ ဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် ၂၀၁၇ ခုနှစ်မှာ အကြမ်းဖက်မှု ၁၇၅ မှုအထိရှိခဲ့ရာကနေ ၂၀၂၀ ပြည့်နှစ်မှာ ၅၇ မှုအထိ လျော့ကျသွားခဲ့ပေမဲ့ အဲဒီနောက်ပိုင်းမှာတော့ ပြန်လည်မြင့်တက်လာပြီး ၂၀၂၄ ခုနှစ်မှာ အကြမ်းဖက်မှုပေါင်း ၁၇၀ အထိများပြားလာခဲ့တာဖြစ်ပါတယ်။

အမှတ် (၄) စစ်ဒေသမှူးဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး နိုရာသစ်ပွိုင်နော့ကတော့ အခုနောက်ပိုင်းဖြစ်ပွားနေတဲ့ တိုက်ခိုက်မှုတွေဟာ တာဝန်ရှိသူများက မူးယစ်ဆေးဝါးနဲ့ တရားမဝင် မှောင်ခိုဂိုဏ်းနှိမ်နင်းမှုတွေကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လာနေတာကြောင့် အဲဒီအပေါ်မှာလက်စားချေတဲ့အနေနဲ့ အကြမ်းဖက်မှုတွေလုပ်ဆောင်တာဖြစ်နိုင်တယ်လို့ ပြောပါတယ်။

အထူးသဖြင့် ယာရန်ခရိုင်မှာပြုလုပ်တဲ့ စစ်ဆင်ရေးမှာ စီးပွားရေးအရ ထိခိုက်သွားတဲ့ အကြမ်းဖက်အဖွဲ့တွေက အစိုးရဝန်ထမ်းတွေကို ပစ်မှတ်ထား လက်စားချေတာလို့ ယူဆရပါတယ်။ ဒါ့အပြင် လေကြောင်းမှ ပစ်ခတ်တယ်ဆိုတဲ့ သတင်းလွှင့်မှုတွေကိုလည်း ဒုတိယဗိုလ်ချုပ်ကြီး နိုရာသစ်ကငြင်းဆိုလိုက်ပြီး ရဟတ်ယာဉ်တွေနဲ့ ဒရုန်းတွေကို စုံစမ်းထောက်လှမ်းဖို့အတွက်ပဲ အသုံးပြုတာဖြစ်တယ်လို့ အတည်ပြုပြောပါတယ်။

ဩဂုတ်လ ၂၂ ရက်ညမှာတော့ တောင်ပိုင်းပြည်နယ်သုံးခုရှိ ခရိုင်ပေါင်း ၂၁ ခုမှာ ဗုံးခွဲမှု၊ မီးရှို့မှု၊ ပြည်သူပိုင်ပစ္စည်းများဖျက်ဆီးမှုစတဲ့အကြမ်းဖက်မှုပေါင်း ၅၁ ခုဖြစ်ပွားထားပါတယ်။ အခုနောက်ဆုံးဖြစ်ပွားတဲ့တိုက်ခိုက်မှုတွေမှာ လူနှစ်ဦးဒဏ်ရာရရှိထားပြီး အစိုးရအနေနဲ့အရေးပေါ်တုံ့ပြန်မှုတွေလုပ်ဆောင်နေပါတယ်။

**Ref: TN**

# ကမ္ဘာ့ပထမဆုံး သီးနှံခုခံအားစနစ်သစ်တစ်ခုကို တရုတ်သိပ္ပံပညာရှင်များတီထွင်

**ပေကျင်း၊ နည်းပညာ**

တရုတ်သိပ္ပံအကယ်ဒမီ (CAS) လက်အောက်ရှိ မျိုးရိုးဗီဇနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဇီဝဗေဒအင်စတီကျူမှ သိပ္ပံပညာရှင်တွေဟာ စိုက်ပျိုးသီးနှံတွေမှာ ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါတွေကို ထိရောက်စွာတုံ့ပြန်ကာကွယ်နိုင်မယ့် စိတ်ကြိုက်ပုံဖော်နိုင်တဲ့ ဇီဝဗေဒနည်းပညာသုံး သီးနှံခုခံအားစနစ်အသစ်တစ်ခုကို ကမ္ဘာ့ပထမဆုံးအဖြစ် အောင်မြင်စွာတီထွင်ဖန်တီးလိုက်နိုင်ပါပြီ။

ဒီနည်းပညာစနစ်သစ်ဟာ မတူညီတဲ့ရောဂါပိုးမွှားတွေရဲ့ တိုက်ခိုက်မှုကို လိုအပ်သလို အချိန်နဲ့တစ်ပြေးညီ ပြန်လည်ခုခံနိုင်အောင် ဖန်တီးပေးတာဖြစ်ပြီး ဒီအကြောင်းအရာကိုတော့ ထိပ်တန်းသုတေသနဂျာနယ်ဖြစ်တဲ့ Science မှာ ဖော်ပြခဲ့တာပါ။

လွန်ခဲ့တဲ့ စိုက်ပျိုးရေးသမိုင်းကာလတစ်လျှောက်မှာတော့ တောင်သူတွေနဲ့ သုတေသီတွေဟာ သဘာဝအတိုင်း ရောဂါခုခံနိုင်တဲ့ ဗီဇတွေကိုပဲ အားကိုးပြီး ရှာဖွေစိုက်ပျိုးခဲ့ကြရတာပါ။ ဒါပေမဲ့ အဲဒီသဘာဝခုခံအား ဗီဇတွေကို ပြုပြင်ဖန်တီးဖို့ ခက်ခဲတာအပြင် ဗီဇသစ်ရှာဖွေဖို့ အချိန်အလွန်ကြာမြင့်တာဆိုတဲ့ စိန်ခေါ်မှုကြီးတွေနဲ့ ကြုံတွေ့ခဲ့ကြရပါတယ်။

အခု တီထွင်မှုမှာတော့ တရုတ်သုတေသနအဖွဲ့က သဘာဝကိုပဲ မှီခိုနေရတဲ့ မူလပုံစံကနေ အတုပြုလုပ်ထားတဲ့ AI ပရိုတင်းဒီဇိုင်းနည်းပညာနဲ့ ပေါင်းစပ်လိုက်တာပါ။ ဒါကြောင့် လိုအပ်တဲ့ ရောဂါခုခံအားဗီဇတွေကို ကိုယ်တိုင်စိတ်ကြိုက် တီထွင်ဖန်တီးနိုင်စေတဲ့စနစ်ဆီ အောင်မြင်စွာကူပြောင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။



အခုနည်းပညာကြောင့် အနာဂတ်မှာ ရုတ်တရက် ကူးစက်ထွက်ပေါ်လာမယ့် သီးနှံရောဂါပိုးတွေနဲ့ ဗီဇပြောင်းရောဂါပိုးတွေကို အမြန်ဆုံးတုံ့ပြန်ကာကွယ်နိုင်မှာဖြစ်ပြီး ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် ပါ ကြီးမားတဲ့ အထောက်အကူတစ်ခုဖြစ်လာတော့မှာဖြစ်တယ်လို့သုတေသနပညာရှင်များကပြောပါတယ်။

**Ref: SCMP**

# အမေရိကန်နဲ့အစ္စရေး တိုက်ခိုက်မှုကြားက အီရန်ရဲ့လက်နက်ထုတ်လုပ်မှု နှစ်ဆတိုးလာ

**အီရန်၊ စစ်လက်နက်**

အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ စစ်ရေးအရ လေကြောင်းကနေ ပစ်မှတ်ထားတိုက်ခိုက်မှုတွေ ဆက်တိုက်ခံရပေမယ့်ပြီးခဲ့တဲ့တစ်နှစ်အတွင်း အီရန်နိုင်ငံရဲ့လက်နက်နဲ့ စစ်ဘက်ဆိုင်ရာဆက်စပ်ပစ္စည်းထုတ်လုပ်နိုင်စွမ်းဟာ နှစ်ဆအထိ တိုးတက်လာခဲ့တယ်လို့ အီရန် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောလိုက်ပါတယ်။



အီရန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ရေဇာတာလာအီနစ်က ရုပ်မြင်သံကြား အင်တာဗျူးတစ်ခုမှာ အခုလိုပြောခဲ့တာပါ။ စစ်ပွဲကာလ ဖိအားတွေကြားထဲမှာတောင်အီရန်တပ်မတော်ရဲ့ စစ်ဘက်ဆိုင်ရာထုတ်လုပ်မှုစွမ်းရည်ကို မပြတ်တောက်အောင် ထိန်းသိမ်းထားနိုင်ရုံမက ပိုမိုတိုးမြှင့် လည်ပတ်နိုင်ခဲ့တယ်ဆိုတာကို ဒီအချက်ကသက်သေပြနေတာလို့လည်း သူကဆိုပါတယ်။

"ပြီးခဲ့တဲ့ တစ်နှစ်အတွင်း ကျွန်တော်တို့နိုင်ငံမှာကိုယ်တိုင်ထုတ်လုပ်တဲ့ လက်နက်နဲ့ ကာကွယ်ရေးဆိုင်ရာဆက်စပ်ပစ္စည်းပမာဏဟာ နှစ်ဆအထိ တိုးတက်လာခဲ့တာဖြစ်ပါတယ်" လို့ ဗိုလ်မှူးချုပ် ရေဇာက အင်တာဗျူးမှာ ထည့်သွင်းပြောသွားပါတယ်။

ဒါ့အပြင် အစ္စရေးနဲ့ဖြစ်ပွားတဲ့ ၁၂ ရက်ကြာစစ်ပွဲအတွင်း အီရန်ရဲ့ ကာကွယ်ရေးစက်ရုံအချို့နဲ့ အခြေခံအဆောက်အဦအနည်းငယ်ဟာ ရန်သူတွေရဲ့ ပစ်မှတ်ထားတိုက်ခိုက်ခြင်းခံခဲ့ရတာ အမှန်ပဲဖြစ်တယ်လို့လည်း သူကအတည်ပြုထားပါတယ်။ ဒါပေမဲ့ အဲဒီလို တိုက်ခိုက်ခံရမှုတွေဟာ အီရန်နိုင်ငံရဲ့ စစ်ဘက်ဆိုင်ရာ ထုတ်လုပ်မှုယန္တရားတစ်ရပ်လုံးကို ရပ်တန့်သွားအောင် မလုပ်နိုင်ခဲ့သလို လက်နက်ထုတ်လုပ်မှုအရှိန်အဟုန်ကိုလည်း လျှော့ချနိုင်ခဲ့ခြင်းမရှိပါဘူးလို့ တာဝန်ရှိသူများကပြောထားပါတယ်။ လက်ရှိမှာလည်း အီရန်နိုင်ငံက အမေရိကန်နဲ့အစ္စရေးတို့ရဲ့တိုက်ခိုက်မှုကို ပြင်းထန်စွာတုံ့ပြန်နိုင်နေဆဲဖြစ်တာတွေ့ရပါတယ်။

**Ref: Sputnik**

# ဩစတြေးလျ၌ H5N1 ကြက်၊ ငှက်တုပ်ကွေး ရောဂါပိုး ပထမဆုံး ပြည်တွင်းကူးစက်မှုရှိ

**ဆစ်ဒနီ၊ ကျန်းမာရေး**

ဩစတြေးလျနိုင်ငံမှာ H5N1 ကြက်၊ ငှက်တုပ်ကွေးရောဂါပိုးက ပထမဆုံးပြည်တွင်းကူးစက်မှုရှိလာတယ်လို့သိရပါတယ်။ နို့တိုက်သတ္တဝါတစ်ကောင်ဖြစ်တဲ့ ပင်လယ်ဖျံမှာ အသက်အန္တရာယ်ရှိတဲ့ H5N1 ရောဂါပိုးကူးစက်နေတာကို ဩဂုတ်လ ၂၃ ရက်မှာ တာဝန်ရှိသူများကအတည်ပြုထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

ဒီရောဂါပိုးကူးစက်ခံရပြီးသေဆုံးနေတဲ့ ပင်လယ်ဖျံကို တောင်ဩစတြေးလျပြည်နယ် အက်ဒီလိတ်မြို့ရဲ့ တောင်ဘက် ကီလိုမီတာ ၃၁၀ ဝေးတဲ့ ဘိချပို့ကမ်းခြေမြို့မှာ ဒဏ်ရာဒဏ်ချက် တစ်စုံတစ်ရာမတွေ့ရဘဲ သေဆုံးနေတာကို တွေ့ခဲ့ကြတာပါ။ ဩစတြေးလျမှာ ဇွန်လကတည်းက ပြင်းထန်ကြက်၊ ငှက်တုပ်ကွေးရောဂါပိုး ကူးစက်မှုတွေမြင့်တက်လာပြီး ဒီလအတောအတွင်း ကမ်းခြေမှာ ငှက်တွေအစုလိုက်အပြုံလိုက်သေဆုံးတာတွေလည်း ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

**Ref: AGC**

# ပူတင်နဲ့ထရမ့်တို့ APEC အစည်းအဝေးတက်ဖြစ်ရင် တွေ့ဆုံစကားပြောမယ်လို့ ယူရီအူရှာကော့ပြော

**မော်စကို၊ နိုင်ငံရေး**

ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့နှစ်ဦးစလုံး တရုတ်နိုင်ငံမှာ ကျင်းပမယ့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး (APEC) ထိပ်သီးအစည်းအဝေးကို တက်ရောက်ဖြစ်ခဲ့မယ်ဆိုရင် ခေါင်းဆောင်နှစ်ဦးစလုံး မဖြစ်မနေ တွေ့ဆုံစကားပြောဖြစ်ကြလိမ့်မယ်လို့ ရုရှားသမ္မတရုံးမှသမ္မတရဲ့အကြံပေးဖြစ်တဲ့ ယူရီအူရှာကော့က ပြောထားပါတယ်။

ယူရီအူရှာကော့က ရုရှားမီဒီယာတွေနဲ့ တွေ့ဆုံစဉ် အခုလိုထုတ်ဖော်ပြောဆိုခဲ့တာပါ။ "APEC ထိပ်သီးအစည်းအဝေး ကျင်းပဖို့ အချိန်အများကြီးလိုပါသေးတယ်။ ဒါပေမဲ့ ခေါင်းဆောင်နှစ်ဦးစလုံးအနေနဲ့ ပွဲတစ်ခုတည်းမှာ ဆုံစည်းကြမယ်ဆိုရင်တော့ သူတို့နှစ်ဦးဟာ မဖြစ်မနေတွေ့ဆုံပြီး ဆွေးနွေးပြောဆိုကြလိမ့်မယ်လို့ ထင်ပါတယ်"လို့ ပြောဆိုခဲ့တာဖြစ်ပါတယ်။

နောက်ထပ်ကျင်းပမယ့် APEC ထိပ်သီးအစည်းအဝေးကိုတော့ နိုဝင်ဘာလ ၁၈ ရက်ကနေ ၁၉ ရက်အထိ တရုတ်နိုင်ငံ ရှန်ဇန်းမြို့မှာ ကျင်းပသွားဖို့ လျာထားတာဖြစ်ပါတယ်။ ပူတင်နဲ့ထရမ့်တို့အနေနဲ့ မနှစ်က အလက်စကာမှာတွေ့ဆုံပြီးကတည်းက ဒီနှစ်ထဲမှာနောက်ထပ်လူချင်းတွေ့ဆုံပြီး ဆွေးနွေးမှုတွေလုပ်ဆောင်ထားခြင်းမရှိသေးဘူးလို့သိရပါတယ်။

**Ref: Sputnik**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



မကွေး ဩဂုတ် ၂၃

မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှ တစ်ဆင့်နိုင်ငံ့လက်ရွေးစင်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရန်၊ နိုင်ငံ့ဂုဏ်ဆောင် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပခဲ့ပြီး ဆုပေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသား၊ အမျိုးသမီး (၄x၁၀၀)၊ (၄x၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မီတာ ၃၀၀၀၊ မီတာ ၈၀၀၊ မီတာ ၂၀၀၊ မီတာ ၁၀၀ ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး (၄x၁၀၀)၊ (၄x၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲများ၊ အလျားခုန်၊ သုံးဆင့်ခုန်၊ လုံတံပစ်၊ သံလုံးပစ်၊ သံပြားပစ်၊ အမြင့်ခုန်ပြိုင်ပွဲများတွင်ဆုရရှိကြသူများကို တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးအပ်ပြီး အမျိုးသား၊ အမျိုးသမီး အသက်၁၈ နှစ်အောက်(၄x၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်တွင်းကြီးမြို့နယ် အသင်းအား ဆုကလပ်နှင့် ငွေသားဂုဏ်ပြုဆုငွေများနှင့် အမျိုးသား၊ အမျိုးသမီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ဆိပ်ဖြူမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဂုဏ်ပြုဆုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အားကစားသမား ၃၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

နေပြည်တော် ဩဂုတ် ၂၃

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲကို ဩဂုတ်လ ၂၄ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် မျှတမှုရှိစေရေးနှင့် မျိုးဆက်သစ်များ အခွင့်အရေးရရှိစေရန်အတွက် အာရှအားကစားပြိုင်ပွဲ (ASIAN Games) နှင့် ဆီးဂိမ်းပြိုင်ပွဲ (SEA Games) တို့တွင် သွားရောက်ယှဉ်ပြိုင်ခဲ့ဖူးသည့် မြန်မာ့လက်ရွေးစင်အားကစားသမားများကို ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မပြုဘဲ စည်းမျဉ်းစည်းကမ်းနှင့်မကိုက်ညီသူများ ပါဝင်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။

ယခုပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီး တံခွန်စိုက်ဆုများအပြင် နှစ်ယောက်တွဲနှင့် သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများအတွက် ပထမဆု ငွေကျပ်၅ သိန်း၊ ဒုတိယဆု ငွေကျပ် ၃ သိန်း၊ တတိယဆု ငွေကျပ် ၂ သိန်း ချီးမြှင့်မည်ဖြစ်ကာ လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၇ သိန်းနှင့် တတိယဆု ငွေကျပ် ၅ သိန်းအထိ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ အမျိုးသား ၁၅ သင်းနှင့် အမျိုးသမီး ၁၃ သင်းတို့မှ နည်းပြနှင့် ပြိုင်ပွဲဝင် အားကစားသမား စုစုပေါင်း ၃၃၂ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပိုက်ကျော်ခြင်းအားကစားနည်းပိုမိုပြန့်ပွားရေးနှင့် လက်ရွေးစင် မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများစနစ်တကျမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

TMK



# သဘာဝမြေဆွေးပြုလုပ်ခြင်းနှင့် တောင်သူပညာပေးသရုပ်ပြ



မြစ်သား ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်းနှင့်ဆက်စပ်ဌာနများမှ လယ်ယာသုံးစွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍ လေမှုတ်သွင်းစနစ်မြေဩဇာကန် (Aerated Static Compost Bin) ဖြင့် မြေဆွေးပြုလုပ်သည့်တောင်သူပညာပေးသရုပ်ပြပွဲကို သဘာဝမြေဩဇာသုံးစွဲမှုတိုးမြှင့်ရန်နှင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချရန်ရည်ရွယ်ကာ ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါရုံးဝင်းအတွင်း၌ သရုပ်ပြသခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှမြို့နယ်ဦးစီးဌာနမှူး ဦးထွန်းထွန်းလင်းက သဘာဝမြေဆွေးပြုလုပ်ရာတွင် နွားချေး၊ ဖေဒါ၊ ကောက်ရိုးများကို အချိုးကျရောစပ်ခြင်း၊ လေမှုတ်သွင်းစနစ်ကန်ကိုအသုံးပြုခြင်း၊ အစိုဓာတ်နှင့်အပူချိန်ကို စနစ်တကျထိန်းသိမ်း၍ မြေဆွေးရင့်မာအောင်ပြုလုပ်ခြင်း စသည့်အကြောင်းအရာများကိုရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ဒေသခံတောင်သူများကိုသဘာဝမြေဆွေးမြေဩဇာပြုလုပ်နည်းအဆင့်ဆင့်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းထွန်းလင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူဦးကြီးများ စုစုပေါင်း ၄၀ ဦးတို့က လေပေးစနစ်ဖြင့် နွားချေး၊ ဖေဒါ၊ ကောက်ရိုးများအား သဘာဝမြေဆွေးပြုလုပ်သည့် မြေဆွေးထုတ်လုပ်မှုစနစ်ကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (၄၀၂)

| ၂၃-၈-၂၀၂၆ | မှတ်သားဖွယ်ရာ မိုးရေချိန်များ | | |
|---|---|---|---|
| ဟိုင်းကြီးကျွန်း | ၇ ဒသမ ၂၀ လက်မ | ကော့ကရိတ် | ၃ ဒသမ ၂၇ လက်မ |
| လပွတ္တာ | ၄ ဒသမ ၅၃ လက်မ | ဖျာပုံ | ၃ ဒသမ ၂၃ လက်မ |
| ဘိုကလေး | ၄ ဒသမ ၃၀ လက်မ | ပဲခူး | ၃ ဒသမ ၀၇ လက်မ |
| မော်လမြိုင် | ၃ ဒသမ ၇၈ လက်မ | သိမ်ဇရပ် | ၂ ဒသမ ၉၅ လက်မ |
| မော်လမြိုင်ကျွန်း | ၃ ဒသမ ၅၈ လက်မ | ဒေးဒရဲ | ၂ ဒသမ ၉၁ လက်မ |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နတ်တလင်းမြို့နယ်၌ မိုးစပါးများစတင်ရိတ်သိမ်း

ပဲခူး ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ခြမ်း) နတ်တလင်းမြို့နယ်၌ မိုးစပါးစတင်ရိတ်သိမ်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နတ်တလင်းမြို့နယ် ကုန်းသာကျေးရွာအုပ်စု၌ ဒေသခံမိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ်နှစ်သီးစိုက်ပျိုးသည့်နေရာများတွင်တန်ဖိုးမြင့်ပေါ်ဆန်းစပါးစိုက်ပျိုးရန်၊ မိုးစပါးစိုက်ပျိုးပြီးပါက သီးထပ်သီးနှံအား ဆီထွက်ပဲပုပ်စိုက်ပျိုးရန် စိုက်ပျိုးရေအားအကျိုးရှိရှိသုံးစွဲကြရန်၊ သဘာဝမြေဩဇာအား ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သုံးစွဲရန်ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူးက စိုက်နည်းစနစ်နှင့် စိုက်ပျိုးသီးနှံအလိုက် ပြုစုပျိုးထောင်ခြင်းဆိုင်ရာနည်းလမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဒေသခံမိုးစပါးစိုက်တောင်သူများအတွက် သီးထပ်စိုက်ပျိုးသီးနှံအဖြစ် ဆီထွက်ပဲပုပ် စိုက်ပျိုးနိုင်ရေး ရေဆင်း ၁၅ ပဲပုပ်မျိုးစေ့များ ဖြန့်ဝေပေးခဲ့ပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်၊ ထို့နောက်ကုန်းသာကျေးရွာအုပ်စုရှိ မိုးစပါးအကွက်ကျယ်စံပြကွက် ဧက ၁၀၀ စတင်ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးခဲ့ကာ တစ်ဧက ပျမ်းမျှစပါး အစို ၁၂၅ တင်းထွက်ရှိကြောင်း သိရသည်။

ဉာဏ်သာတိုင်းသား



# (၁၁)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ဂေါပကအဖွဲ့မှ ကြီးမှူးပြီး (၁၁)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ရှိ ဆိပ်ကမ်းလုပ်သား ပေါင်းစုံ ဓမ္မာရုံ၌ကျင်းပရာ စေတီတော်ဝန်ထမ်း များနှင့် ဘုရားဖူးလာပြည်သူများမှ စုပေါင်းသွေးလှူဒါန်းကြသည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး အလှည့်ကျသဘာပတိ ဦးစိန်သန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်မှ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်နွယ်နွယ်ဦးက သွေးလှူဒါန်းမှု နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ခံဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများမှ သွေးလှူဒါန်းမည့်အလှူရှင်များအား လိုအပ်သည်များ ဆောင်ရွက်ပေး၍ သွေးလှူဒါန်းပွဲကို အောင်မြင်စွာကျင်းပခဲ့သည်။

စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ကကြီးမှူး၍ ဩဇာသည်တော်များ၊ အလှူရှင်များ၊ စေတီတော်ဝန်ထမ်းများ၊ ဘုရားဖူးလာမိဘပြည်သူများ စုပေါင်း၍ ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်ကုသိုလ်ပြုခဲ့ရာ ဒသမအကြိမ်မြောက်ထိ စုစုပေါင်း သွေးအိတ် ၁၁၇၀ အိတ်အား အမျိုးသား သွေးလှူဘဏ်သို့ ကုသိုလ်ပြုလှူဒါန်းနိုင် ခဲ့ပြီးယနေ့ကျင်းပသည့် (၁၁)ကြိမ်မြောက် တွင် သွေးအိတ်ပေါင်း ၁၅၂ အိတ် ကုသိုလ်ပြု လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **လင်းခန့်**

# ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

ပုသိမ် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်ရှိငဝန်တာ၏အောက်ခံမြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားကာ ရေကျော်စီးဝင်ပြီး ရေဘေးသင့် ခဲ့ရသည့် ကျုံပျော်ခရိုင်အတွင်းရှိ မြို့နယ် များမှ ရေဘေးသင့်ပြည်သူများအား ရှာဖွေ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပေး လျက်ရှိသည့် ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ အားတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော် သည် ယနေ့နံနက်ပိုင်းတွင် ခရိုင်စုပေါင်းရုံး၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ရပ်ကွက်/ ကျေးရွာများ ရေဝင်ရောက်မှု၊ ရေရှောင် စခန်းများဖွင့်လှစ်ထားရှိမှု၊ သီးနှံများ ရေလွှမ်းနစ်မြုပ်မှု၊ ရေဘေးသင့်ပြည်သူများ အားကူညီကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း မှု၊ ဌာနဆိုင်ရာရုံးများရွှေ့ပြောင်းထားရှိမှု၊ ကားလမ်း၊ ရထားလမ်းများ ရေကျော်မှုနှင့် ရေဘေးသင့်ပြည်သူများအတွက်ဆန်လိုအပ် မှုအခြေအနေကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကျုံပျော် မြို့နယ်အားကစားခန်းမနှင့် မဏိရတနာ ရာမပရိယတ္တိစာသင်တိုက်ရှိရေဘေးသင့် ပြည်သူများနှင့် သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ရေဘေးသင့် ပြည်သူများအား တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး၏ ကျန်းမာရေးဆိုင်ရာအသိပညာ ပေးဆွေးနွေးမှုကို ကြည့်ရှုအားပေးကာ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ကျုံပျော်မြို့အဝင် မိုင်တိုင် အမှတ်(၃၈/၇) နှင့် (၃၉/၁)အကြားရှိကြာအင်း တံတားရေကျော်စီးဝင်မှု၊ ရေကြည်မြို့နယ် စိမ်းလဲ့ရေကြည်ခန်းမတွင် ရေဘေးသင့် ပြည်သူများအတွက် ဆန်ရိက္ခာစုဆောင်း ထားရှိမှု၊ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင် အမှတ် (၁၉/၂-၁၉/၄) ရွှေကျောင်းကုန်း တံတား ရေစီးဆင်းနေမှု၊ ငါးသိုင်းချောင်းမြို့ ရေဘေးသင့်ပြည်သူများအတွက် The Spirit of Brotherhood Mission(TSBM) အသင်းအဖွဲ့မှလှူဒါန်းသော ရေသန့်စင်စက် တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေကြည်မြို့နယ် မိုးလုံလေလုံအားကစား ရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ အားပေးစကားပြောကြားကာ ရေဘေးသင့် ပြည်သူများအတွက် ဆန်၊ ဆီ၊ ရေသန့်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်



ပြည် ဩဂုတ် ၂၃

ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင် ရွက်လျက်ရှိရာ ပြည်မြို့ မွေးမြူရေးဇုန်တွင် ဒေသဆိတ်နှင့် အသားစားကြက် မွေးမြူ ထားရှိမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကြည့်ရှုအားပေးခဲ့ပြီး တိရစ္ဆာန်အစာများ စိုက်ပျိုးသွားနိုင်ရေးနှင့် တိရစ္ဆာန်စွန့်ပစ် ပစ္စည်းများဖြင့် သဘာဝမြေဩဇာထုတ်လုပ် ရောင်းချနိုင်ရေးဆောင်ရွက်ပေးရန် တာဝန် ရှိသူများအားမှာကြားကာ မွေးမြူရေးဇုန် အတွက် သောက်သုံးရေလုံလောက်စွာရရှိ ရေး လျှပ်စစ်မြေသားတမံ တည်ဆောက် မည့်နေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

ထို့ပြင် ပြည်မြို့ နဝဒေးစက်မှုဇုန်ရှိ လုပ်ငန်းရှင် ဦးကြင်ဦး၏ SOGO ရေတိုင်ကီ နှင့် ရေခဲပုံးထုတ်လုပ်သည့် အလုပ်ရုံနှင့် လုပ်ငန်းရှင် ဦးတင်လှ၏ ခြင်သေ့မင်း ဆန်စက်မှထွက်ရှိလာသည့် စွန့်ပစ်စပါးခွံ မှ လောင်စာတောင့်ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်မြို့ စက်မှုဇုန်စီမံ ခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စက်မှုဇုန် ဝင်/ထွက်လမ်းများ ကောင်းမွန်စေရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ စက်မှု ဇုန်မှထွက်ရှိလာသည့် ကုန်ပစ္စည်းများ အပေါ် ဒေသသုံးနှင့် ပြည်ပပို့ကုန်ခွဲခြား၍ စာရင်းဇယားအချက်အလက်များ စနစ်တကျ မှတ်တမ်းတင်ထားရှိရန် တာဝန်ရှိသူများ အား မှာကြားသည်။

ယင်းအပြင် လုပ်ငန်းရှင်ဒေါ်ဌေးဌေးမော် ၏ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ပြည်ပပို့ကုန်အစားထိုး ဒေသစပ်ကြက်စာ ထုတ်လုပ်နေမှုနှင့် ကိုယ်တိုင်ဥစားကြက် ကောင်ရေ ၁၀၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဥစားကြက်အပြင် အသားတိုးကြက်များ တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

# တန်ဖိုးမြှင့်ထုတ်ကုန်များပိုမိုတင်ပို့ကာ နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်



နေပြည်တော် ဩဂုတ် ၂၃

ပြည်ပပို့ကုန် Export လုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေပိုမိုရရှိပြီး ပြည်တွင်းအသား တင်ထုတ်လုပ်မှုတန်ဖိုး(GDP)မြင့်တက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတင်ပို့ကာ နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိနိုင်ရေးနှင့် ဒေသတွင်းလူငယ်များ အလုပ်အကိုင်အခွင့် အလမ်း ပိုမိုဖော်ဆောင်နိုင်ရေးတို့အတွက် လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ၊ စက်မှုနှင့်အသေးစား၊အငယ်စား၊အလတ်စား နှင့်စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ဒက္ခိဏအသေးစားနှင့် အလတ်စားစက်မှုဇုန်ရှိ ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP)အပါအဝင် MSMEs စက်ရုံများကို ကြည့်ရှုစစ်ဆေးစဉ်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ မေပယ်ဝင်းအထည်ချုပ် စက်ရုံ၏ ကုန်ကြမ်းအသုံးပြုမှုနှင့် လုပ်ငန်း ဆောင်ရွက်မှု၊ Dakhina Meat Export စက်ရုံ ၌ ISO နှင့် နိုင်ငံတကာ စံချိန်စံညွှန်းအရည် အသွေးနှင့်အညီ စည်သွတ်ဘူးများ ထုတ်လုပ် နေမှု၊ အေးခဲအသားခြောက်များ ပြည်ပသို့ တင်ပို့ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ New Life ပလတ်စတစ်စက်ရုံ၌ စွန့်ပစ်ပလတ်စတစ် ပစ္စည်းများမှ ကော်စေ့များထုတ်လုပ်၍ စိုက်ပျိုးရေးလုပ်ငန်းသုံး ရေဖျန်းပိုက်နှင့် ပိုက်ဆက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ ဆိုလာစနစ်မှ စက်ရုံ၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင် ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆိုလာ စနစ်တပ်ဆင်အသုံးပြုမှုမှရရှိသော အကျိုး ကျေးဇူးများကို MSMEs လုပ်ငန်းရှင်များအား အသိပညာမျှဝေပေးရန်မှာကြားသည်။

အလားတူ ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ (နေပြည်တော်)ရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ရုံး၌ MSMEs လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ တာဝန်ရှိသူ များနှင့် MSMEs လုပ်ငန်းရှင်များ၏စက်ရုံ အလုပ်ရုံများ စက်စွမ်းအားပြည့်လည်ပတ် နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ MSMEs ချေးငွေများအတွက် စစ်တမ်း ကောက်ယူပြီး ဖြေရှင်းဆောင်ရွက်ပြီးစီးမှု နှင့် ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်း လိုအပ်ချက်များ၊ လုပ်ငန်းများတိုးချဲ့ရန်နှင့် စက်ရုံအဆင့်မြှင့်တင်ရန် လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် သိလိုသည်များကို ဆွေးနွေးမေးမြန်းမှုအပေါ် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြား၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

**၂၃-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်းနှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူသုံးအသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
DAGON
MALTA FRESH
ပင်ရင်းအရောင်း - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၂၀၂၆ ကမ္ဘာ့ပြိုင်ပွဲ ဗိုလ်လုပွဲအပြီးမှဖြစ်ရပ်အတွက် အာဂျင်တီးနားအသင်းကစားသမားများကို ပြစ်ဒဏ်များချမှတ်



ဇူးရစ် ဩဂုတ် ၂၃

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ဖြစ်ပွားခဲ့သည့် ခိုက်ရန်ဖြစ်ပွားမှုများအတွက် အာဂျင်တီးနားအသင်းမှ ကစားသမားများကို ပြစ်ဒဏ်များအသီးသီးချမှတ်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အာဂျင်တီးနားအသင်းနှင့် စပိန်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်အပြီးတွင် နှစ်ဖက်အသင်းကစားသမားများ အချင်းများခဲ့ကြပြီး စပိန်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား ဂါဗီက အသင်းဖော်များနှင့်အတူ အောင်ပွဲခံရန် ကွင်းအတွင်းလာရောက်စဉ် အာဂျင်တီးနားအသင်းမှ ပါရီဒက်နှင့် စတင်အချင်းများပြီးနောက် ကစားသမားများကြား ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်တွင် ပါရီဒက်က ကွင်းအတွင်းသို့ အောင်ပွဲခံရန် ပြေးဝင်လာသည့် ဂါဗီအား ကိုယ်ထိလက်ရောက်ကျူးလွန်ကာ တွန်းထိုးခဲ့သည့်အတွက် ဂါဗီအနေဖြင့် မြေပြင်ပေါ်သို့လဲကျပြီး နောက်ထပ် အာဂျင်တီးနားအသင်းမှ ကစားသမားတစ်ဦးဖြစ်သည့် မိုလီနာကလည်း ကွင်းအတွင်းမှ စပိန်အသင်းခေါင်းဆောင် ရိုဒရီအောင်ပွဲခံနေမှုကို သွားရောက်တားမြစ်ခဲ့သည့်အပြင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်များအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ပြိုင်ဘက်ကစားသမားများအပေါ် ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည့် အာဂျင်တီးနားအသင်းမှ ပါရီဒက်အား ပြင်းထန်သည့်ပြစ်ဒဏ်တစ်ရပ်ဖြစ်သော ၁၀ ပွဲပယ်နှင့် ဒဏ်ကြေးအမေရိကန်ဒေါ်လာ ၉၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အတွက် ပါရီဒက်အနေဖြင့် အာဂျင်တီးနားအသင်းနှင့်အတူ ကာလအတန်ကြာ နားရမည်ဖြစ်သည်။

အလားတူ မိုလီနာအား ခုနစ်ပွဲပယ်နှင့် ဒဏ်ကြေးအမေရိကန်ဒေါ်လာ ၉၀၀၀၀ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပြင် အာဂျင်တီးနားအသင်းကိုလည်း လာမည့်အိမ်ကွင်းပွဲစဉ်နှစ်ပွဲတွင် ပွဲစဉ်ကျင်းပမည့်အားကစားကွင်းအတွင်း အသင်းပရိသတ်များ ကွင်းအပြည့်ဝင်ရောက်ခွင့်ရရှိမည်မဟုတ်ဘဲ ပရိသတ်ဝင်ဆံ့မှု၏ထက်ဝက်သာဝင်ခွင့်ပေးရန် ပြစ်ဒဏ်များအသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

**Ref:Fabrizio Romano**

# လိဂ် ၁၀၉ ပွဲဆက်ရှုံးပွဲမရှိသည့် ပထမဆုံးအသင်းအဖြစ် ဟိုးဒါရူရယ်အသင်းရပ်တည်

ကွာလာလမ်ပူ ဩဂုတ် ၂၃

မလေးရှားကလပ် ဂျာဟိုးဒါရူရယ်အသင်းသည် ယခုဘောလုံးရာသီ မလေးရှားစူပါလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ်ကစားခဲ့သည့် ကူရှင်စီးတီးအသင်းနှင့် ပွဲစဉ်တွင်အနိုင်ရရှိပြီးနောက် ကမ္ဘာပေါ်၌ လိဂ်ပွဲစဉ် ၁၀၉ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်သည့် ပထမဆုံးကလပ်အသင်းအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဂျာဟိုးဒါရူရယ်အသင်းသည် ၂၀၂၁ ခုနှစ်မှစတင်ပြီး မလေးရှားစူပါလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိခဲ့ဘဲ ၁၀၉ ပွဲ ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ကမ္ဘာပေါ်၌ ရှုံးပွဲမရှိ ပွဲဆက်အများဆုံးကလပ်အသင်းဖြစ်လာခြင်းဖြစ်သည်။

ဂျာဟိုးဒါရူရယ်အသင်းမတိုင်မီက ကမ္ဘာပေါ်၌ ရှုံးပွဲမရှိ ပွဲဆက်အများဆုံးကလပ်အသင်းအဖြစ် ၁၉၉၄ ခုနှစ်က အိုင်ဗရီကို့စ်ကလပ်အသင်းဖြစ်သည့် မီမိုဆက်အသင်းက ၁၀၈ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုအခါ ဂျာဟိုးဒါရူရယ်အသင်းက ၁၀၉ ပွဲဆက် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာဟိုးဒါရူရယ်အသင်းသည် မလေးရှားစူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆု ၁၂ ကြိမ်ဆွတ်ခူးထားနိုင်ခဲ့ပြီး ငါးနှစ်ကျော်အတွင်း မလေးရှားစူပါလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref:B/R Football**

# 2026 World Women's Snooker Tour ကို စက်တင်ဘာလ ၄ ရက်မှစတင်ပြီး ပြိုင်ပွဲကြီးသုံးခုဖြင့်ကျင်းပမည်

လန်ဒန် ဩဂုတ် ၂၃

2026 World Women's Snooker Tour ကို လာမည့် စက်တင်ဘာလ ၄ ရက်မှစတင်ပြီး ပြိုင်ပွဲကြီးသုံးခုဖြင့် ကျင်းပမည်ဖြစ်သည်။

2026 World Women's Snooker Tour ပြိုင်ပွဲကို စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် နိုင်ငံသုံးနိုင်ငံ၌ ပြိုင်ပွဲကြီးသုံးခုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီး၏ ပထမဆုံးပြိုင်ပွဲအဖြစ် UK Women's Championship 2026 ပြိုင်ပွဲကို အင်္ဂလန်နိုင်ငံ လိဒ်မြို့၌ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို လာမည့် စက်တင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် လက်ရှိချန်ပီယံအဖြစ် ဘိုင်မူလုက ရပ်တည်လျက်ရှိသည်။

ဒုတိယပြိုင်ပွဲဖြစ်သည့် Australian Women's Open 2026 ပြိုင်ပွဲကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ လာမည့်အောက်တိုဘာလ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပလ္လိုင်ခွန်ကင်းအနေဖြင့် လက်ရှိချန်ပီယံအဖြစ် ရပ်တည်နေကာ ပြိုင်ပွဲတွင် ချန်ပီယံဆုကို ကာကွယ်ရမည်ဖြစ်သည်။

အလားတူ တတိယပြိုင်ပွဲဖြစ်သည့် Niche Cues Women's Open 2026 ပြိုင်ပွဲကို လာမည့်အောက်တိုဘာလ ၂၄ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင်လည်း ဘိုင်မူလုအနေဖြင့် လက်ရှိချန်ပီယံအဖြစ် ရပ်တည်နေသည့်အတွက် ပြိုင်ပွဲကြီးနှစ်ခုတွင် ချန်ပီယံဆုများကို ကာကွယ်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref;Hot Shot Snooker**




# စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၃)မှ(၅) နေရာအထိကစားသမားများ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်

ဝါရှင်တန် ဩဂုတ် ၂၃

လက်ရှိအမေရိကန်နိုင်ငံ၌ကျင်းပနေသည့် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် လက်ရှိအမျိုးသမီးကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၃)နေရာမှ အဆင့်(၅)နေရာအတွင်း ရပ်တည်နေသည့် ကစားသမားသုံးဦးစလုံး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

လက်ရှိ အမျိုးသမီးတင်းနစ်ကစားသမားများတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ကာလအတန်ကြာရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာအနေဖြင့် လက်ရှိ စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် ဘီဂျ်လက်ကိုရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသကဲ့သို့ အဆင့်(၂)နေရာမှ ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာအနေဖြင့်လည်း ကွာတားဖိုင်နယ်အဆင့်တွင် အဆင့်(၅)နေရာမှ ဆဝီယာတက်ခ်ကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဆဝီယာတက်ခ်သည် ယခုလအစောပိုင်းက ကနေဒါနိုင်ငံ၌ကျင်းပခဲ့သည့် ကနေဒါအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ရလဒ်ကောင်းများရရှိကာ ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီးနောက် လက်ရှိ စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်မည်ဆိုပါက ကမ္ဘာ့အဆင့်သတ်မှတ်ချက်များ မြင့်တက်လာမည်ဖြစ်သည်။

နောက်ဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ ဆာဘာလင်ကာက ရမှတ် ၈၆၇၀ ဖြင့် အဆင့်(၁)၊ ရိုင်ဘာကီနာက ၈၃၁၆ ဖြင့်အဆင့်(၂)နေရာ၌ ရပ်တည်နေသောကြောင့် ရိုင်ဘာကီနာအနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်ပါက ကမ္ဘာ့အဆင့်(၁)နေရာအတွက် မျှော်လင့်ချက်ရှိနေသော်လည်း ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်ခွာခဲ့ရသည့်အတွက် ဆာဘာလင်ကာအနေဖြင့် အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်နိုင်ဖွယ်ရှိနေသည်။

စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၃)နေရာမှ ဂျေစီကာပါဂူလာနှင့် အဆင့်(၅)နေရာမှ ဆဝီယာတက်ခ်၊ ကမ္ဘာ့အဆင့်(၄)နေရာမှ ကိုကိုဂတ်ဖ်နှင့် ကမ္ဘာ့အဆင့်(၃၅) နေရာမှ ဘီဂျ်လက်တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref:WTA Tennis**

# ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများအား ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များအား လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၄ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့နယ်၊ ယင်းတိုက်ကွင်းကျေးရွာနေ ဦးအောင်စိုး (၅၆)နှစ်သည် ဩဂုတ်လ ၁၇ ရက် ည ၆ နာရီခွဲအချိန်ခန့်တွင် ၎င်းပိုင်ဆိုင်သည့် YGN-1 DD-7113 TOYOTA SUCCEED တက္ကစီယာဉ်အား အမျိုးသား ၃ ဦး(စိစစ်ဆဲ)မှ ထောက်ကြန့်ဘက်သို့ သွားရောက်လိုကြောင်း ပြောဆိုငှားရမ်းခဲ့သဖြင့် လိုက်ပါခဲ့ပြီး မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ မြေစာရင်းတောရရိပ်သာ ဘုန်းကြီးကျောင်းမုခ်ဝအရောက်တွင် အဆိုပါအမျိုးသား ၃ ဦးမှ ဦးအောင်စိုးအား ကတ်ကြေးဖြင့်ထောက်၍ ခြိမ်းခြောက်ပြီး လက်သီးဖြင့်ထိုးကာ ၎င်း၏ လက်နှစ်ဖက်အား ကြိုးဖြင့်တုပ်၍ ပါးစပ်အားတိပ်ဖြင့်ပိတ်ခဲ့ပြီးနောက် ငွေကျပ် ၄ သိန်း၊ Redmi note 5 အမျိုးအစားဖုန်းတစ်လုံးနှင့် မော်တော်ယာဉ်တို့အား လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး မှော်ဘီမြို့မ ရဲစခန်း (ပ)၄၀၁/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄/၃၄၇/၃၄ ဖြင့် အမှုရေးဖွင့် စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့တွင် တက္ကစီယာဉ်မောင်းများအား ဓားထောက်ခြိမ်းခြောက်၍ မော်တော်ယာဉ်များအား လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ၄ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး အခင်းဖြစ်ရပ်မှတ်တမ်းများအား စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်းရယူစုံစမ်းခြင်းတို့ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာမှ ပါသွားခဲ့သည့် သက်သေခံ YGN-1 DD-7113 TOYOTA SUCCEED တက္ကစီ မော်တော်ယာဉ်အား ဩဂုတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅၂)ရပ်ကွက်၊ မဒကျေးရွာ၊ အောင်သပြေလမ်းဘေး၌ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တရားခံများအား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် လုယက်မှုကျူးလွန်သူ တရားခံ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၅၁ ရပ်ကွက်နေ သက်ပိုင်ဦး(ခ)ဝက်ကုန်း (၂၇)နှစ်အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ သက်ပိုင်ဦး(ခ)ဝက်ကုန်း၏ ထွက်ဆိုချက်အရ တက္ကစီယာဉ်များအား လုယက်မှုကျူးလွန်ခဲ့ရာတွင် ပူးပေါင်းပါဝင်ခဲ့သူများမှာ လှိုင်ကျော်ထွန်း(ခ)ကျော်ကြီး၊ ဝေယံ(ခ)ဖိုးစည်နှင့် ဝေယံထွန်း(ခ)ဝေယံတို့ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆက်လက်ဆောင်ရွက်ခဲ့ရာ ယင်းနေ့မွန်းလွဲပိုင်းတွင် မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာနေ ဝေယံ(ခ)ဖိုးစည် (၂၃)နှစ်အား ၎င်း၏နေအိမ်မှလည်းကောင်း၊ တစ်ရွာတည်းနေ လှိုင်ကျော်ထွန်း(ခ)ကျော်ကြီးနှင့် ဝေယံထွန်း(ခ)ဝေယံတို့အား မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ (တောင်ပိုင်း)၊ ၂ ဂိတ်လမ်း၊ ဂျိုးဖြူပိုက် လိုင်းအနီးမှ လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ သက်ပိုင်ဦး(ခ)ဝက်ကုန်း၊ ဝေယံ(ခ)ဖိုးစည်နှင့် လှိုင်ကျော်ထွန်း(ခ)ကျော်ကြီးတို့ ၃ ဦးသည် ဩဂုတ်လ ၁၄ ရက်နေ့တွင် ဝေယံ(ခ)ဖိုးစည်၏နေအိမ်၌ တွေ့ဆုံခဲ့ကြပြီး ငွေကြေးလိုအပ်ချက်အရ တက္ကစီယာဉ်များအား ငှားရမ်းစီးနင်းကာ လုယက်မှုကျူးလွန်ကြရန်တိုင်ပင်ခဲ့ကြကြောင်း၊ ဩဂုတ်လ ၁၇ ရက်နေ့ ညပိုင်းတွင် ၎င်းတို့ ၃ ဦးသည် မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကာယ(၁၂)လမ်းမှတ်တိုင်မှ TOYOTA SUCCEED အမျိုးအစား တက္ကစီယာဉ်တစ်စီးအား ငှားရမ်းကာ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ မြေစာရင်းတောရရိပ်သာဘုန်းကြီးကျောင်းမုခ်ဝအရောက်၌ လှိုင်ကျော်ထွန်း(ခ)ကျော်ကြီးမှ ယာဉ်မောင်းအား အသင့်ပါလာသော ကတ်ကြေးဖြင့်ထောက်ကာ ဝိုင်းဝန်းထိုးကြိတ်ပြီး သက်ပိုင်ဦး(ခ)ဝက်ကုန်းနှင့် ဝေယံ(ခ)ဖိုးစည်တို့မှ လက်နှစ်ဖက်အား ကြိုးတုပ်ချည်နှောင်၍ ပါးစပ်နှင့် မျက်လုံးများအား တိပ်ဖြင့်ပိတ်ပြီး မှော်ဘီမြို့နယ်၊ ဘိုးဘိုးကြီးနတ်နန်းအနောက်ဘက်ရှိသစ်ပင်တွင် ချည်နှောင်ခဲ့ကာ လက်ကိုင်ဖုန်း ၁ လုံး၊ ငွေကျပ် ၄ သိန်းနှင့် မော်တော်ယာဉ်အား လုယက်ယူဆောင်ခဲ့ကြကြောင်း။

ထပ်မံ၍ ဩဂုတ်လ ၂၀ ရက်နေ့ ညပိုင်း၌ တရားခံ သက်ပိုင်ဦး(ခ)ဝက်ကုန်း၊ လှိုင်ကျော်ထွန်း (ခ)ကျော်ကြီးနှင့် ဝေယံထွန်း(ခ)ဝေယံတို့ ၃ ဦးသည် မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာလမ်း၊ မဟာကြိမ်သစ္စာရှင်ဘုရားရှေ့မှ YGN-9 AA-2462 TOYOTA CALDINA တက္ကစီယာဉ်အား ငှားရမ်းခဲ့ပြီးနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၂၁ ရပ်ကွက်၊ အမှတ်(၇)လမ်း၊ စိတ်ကျန်းမာရေးဆေးရုံကြီးအနီးအရောက်၌ မော်တော်ယာဉ်အားရပ်တန့်ခိုင်းခဲ့ကြောင်း၊ ထို့နောက် ယာဉ်မောင်းအား ယာဉ်ပေါ်မှဆွဲချပြီး ခြေထောက်နှင့် လက်များအား ကြိုးဖြင့်တုပ်၊ ပါးစပ်အားတိပ်ဖြင့်ပိတ်ကာ အသင့်ပါလာသောဓားဖြင့် ယာဉ်မောင်း၏ပေါင်အား ၃ ချက်ထိုး၍ လက်ကိုင်ဖုန်း ၁ လုံး၊ ငွေကျပ် ၁ သိန်းနှင့် မော်တော်ယာဉ်တို့အား လုယက်ယူဆောင်ခဲ့ကြကြောင်း သိရှိရပြီး လုယက်မှုကျူးလွန်ရာမှ ရရှိသည့်ငွေများအား အသီးသီးခွဲဝေသုံးစွဲခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၂၂ရက်နေ့တွင်လုယက်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် အရိုးအသွား ၈ လက်မခန့်ရှိ ကတ်ကြေး ၁ လက်၊ အရိုးအသွား ၁၃ လက်မခွဲခန့် ဓားဦးချွန် ၁ ချောင်း၊ YGN-1 DD-7113 TOYOTA SUCCEED တက္ကစီမော်တော်ယာဉ်မှ ဖြုတ်ယူခဲ့သည့် Quantum အမျိုးအစား ၁၂ ဗို့ဘက်ထရီအိုး ၁ လုံးနှင့် လက်ကိုင်ဖုန်း ၂ လုံးတို့အား မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာရှိ လှိုင်ကျော်ထွန်း(ခ)ကျော်ကြီး၏ နေအိမ်မှလည်းကောင်း၊ သက်သေခံ YGN-9 AA-2462 TOYOTA CALDINA မော်တော်ယာဉ်အား ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၀ ရပ်ကွက်၊ ရေသန့်လမ်းပေါ်မှလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တက္ကစီယာဉ်မောင်းများအား ဓားထောက်ခြိမ်းခြောက်၍ လုယက်မှုကျူးလွန်ခဲ့သူ တရားခံ သက်ပိုင်ဦး(ခ)ဝက်ကုန်း၊ လှိုင်ကျော်ထွန်း(ခ)ကျော်ကြီး၊ ဝေယံ(ခ)ဖိုးစည်နှင့် ဝေယံထွန်း(ခ) ဝေယံတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ကလေးမြို့တွင် ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၆ သန်းကျော် ဖမ်းဆီးရမိ




တရားခံ မျိုးမြင့်နိုင်(ခ)ကိုမျိုးနှင့် ထွန်းထွန်းနိုင်(ခ)ဗန်လျန်းမွန်နာ(ခ) ဆန်းဒယ်ဘတယ်(ခ)ဗဒင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၅ ရက်နေ့ ည ၇ နာရီခွဲအချိန် သတင်းအရ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်ရှိနေအိမ်တွင် မျိုးမြင့်နိုင်(ခ)ကိုမျိုးနှင့် ထွန်းထွန်းနိုင်(ခ)ဗန်လျန်းမွန်နာ(ခ)ဆန်းဒယ်ဘတယ်(ခ)ဗဒင်တို့အား စိတ်ကြွဆေးပြား ၆ ဒသမ ၂ သန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံ)နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား စစ်ကိုင်းမှ ကလေးသို့ သယ်ဆောင်ခိုင်းသူမှာ နမ့်စန်မြို့နယ်၊ ပန်လင်းဆိုင်ရွာနေ ကျော်မြင့်(ခ)သာရှည်ကော (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ကလေးမြို့၊ စမ်းမြို့ရပ်ကွက်နေ လာလ်ရှိဒင်းငါ(ခ)ဒင်းသဲ၊ ရန်ကုန်မြို့နေ မောင်သန်းနှင့် တီးတိန်မြို့နေ အင်းဆွင်းပုမ်း (ဖမ်းဆီးရန်ကျန်)တို့ ၃ ဦးမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)


## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဆင်ကူးရွာ၊ အိန္ဒရာဇာအုပ်စုနေ မောင်ဝင်းကိုကို(ဘ)ဦးဘော ၆/ရဖန(နိုင်)၀၅၉၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၆၄၄၆၆၀၃

## ပျောက်ဆုံးကြောင်း

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ကိုဇော်ဦး(ဘ)ဦးမောင်သိန်းကျော် ၁၁/မပန(နိုင်)၀၆၁၁၉၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၇၁၉၁၂၃၈

## မိဘအမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပုသိမ်မြို့နယ် အ.ထ.က(ကြက်ပေါင်) Grade-11 မှ ကျောင်းဝင်အမှတ်(၀၄၆၇) မောင်ဖွဲ့ဇာနည်၏ မိဘအမည်မှန်မှာ ဦးဇော်မင်းဦး ၁၄/ပသန(နိုင်)၂၄၀၈၂၁ နှင့် ဒေါ်ဝါဝါထွေး ၁၄/ပသန(နိုင်)၂၄၀၈၄၃ ဖြစ်ပါကြောင်း။

ဦးဇော်မင်းဦး-ဒေါ်ဝါဝါထွေး

## ဖခင်အမည်မှန်

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပုသိမ်မြို့နယ် အ.ထ.က(ကြက်ပေါင်) Grade-11 မှ ကျောင်းဝင်အမှတ် (၀၅၅၁) မောင်ချစ်ကိုကို၏ဖခင်အမည်မှန်မှာ ဦးကိုနိုင် ၁၄/ပသန(နိုင်) ၂၆၅၃၀၄ ဖြစ်ပါကြောင်း။

ဦးကိုနိုင်


## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| ဘရိုက်တန် | ၄ - ၀ | ဗီလာ |
| မန်စီးတီး | ၂ - ၁ | ဘုန်းမောက် |
| နယူးကာဆယ် | ၂ - ၂ | လီဗာပူး |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဗလင်စီယာ | ၀ - ၀ | ဆဲလ်တာဗီဂို |
| အက်စပန်ညို | ၁ - ၂ | ရီးရဲလ် |
| အက်သလက်တီကို | ၂ - ၂ | ဗီလာရီးရဲလ် |

# ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား၂၈-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၇-၈-၂၀၂၆** ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဟဂ်ျခရီးစဉ်ဝန်ဆောင်မှု တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၇ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ ဟဂ်ျခွဲတမ်း ၃၅၀ ဦးအတွက် ဟဂ်ျခရီးစဉ်ပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်မည့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံးအသိအမှတ်ပြု(မော်နာဇင်ကတ်)ရရှိ ထားသည့်ခရီးသွားကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း ၀၉-၂၀၃၈၅၆၃ တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး(အမှတ်-၁၈၄၊ ၃ လွှာ၊ ဗိုလ်ဆွန်ပက် လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၈၁၄၆)တွင် လည်းကောင်း၊ ၂၅-၈-၂၀၂၆ ရက်နေ့မှ ၃၀-၈-၂၀၂၆ ရက်နေ့အထိ ၀၉:၃၀ အချိန်မှ ၁၆:၃၀ အချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ပြည့်စုံစွာဖြည့်စွက်ပြီးချိပ်ပိတ်၍ **သာသနာရေး ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၃၁)၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**တွင် ၃၁-၈-၂၀၂၆ ရက်နေ့(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတိတိ နောက်ဆုံး ထားတင်သွင်းရပါမည်။

၄။ ယင်းနေ့ ၁၄:၀၀ အချိန်(မွန်းလွဲ ၂ နာရီ)တိတိ၌ **အစည်းအဝေး ခန်းမ၊ သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**တွင် တင်ဒါတင်သွင်းသူများ၏ရှေ့မှောက်၌ တင်ဒါဖွင့်လှစ် စိစစ်ရွေးချယ်ပြီး တင်ဒါအောင်သူကို အတည်ပြုမည်ဖြစ်ပါသည်။

၅။ ၂၀၂၇ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ်အဆုံးအဖြတ်ဖြစ်ပါသည်။ (သတ်မှတ် အချိန်ကျော်လွန်မှတင်သွင်းသောတင်ဒါများနှင့် သတ်မှတ်စည်းကမ်းချက် များနှင့်ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံရွေးချယ်မည် မဟုတ်ပါ)

**၂၀၂၇ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၁၈/မမ/CE | Grooved Rubber Pad (China)(627600)Nos ဝယ်ယူရန် |
| ၂ | ၃၁၉/မမ/CE | 75lb Point & Crossing(1:12)(5)Sets နှင့် (1:$8^{1/2}$)(20)Sets ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၇-၉-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၄-၈-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-294352, 291994**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၂၂/မမ/CE | N0.8Simple Turnouts(JIS 50 N)(Complete Set) 2 Sets ဝယ်ယူရန် |
| ၂ | ၃၂၃/မမ/CE | N0.12Simple Turnouts(JIS 50 N)(Complete Set) 2 Sets ဝယ်ယူရန် |
| ၃ | ၃၂၄/မမ/CE | N0.10Scissor Crossing(JIS 50 N,5.45m)(Complete Set) 2 Sets ဝယ်ယူရန် |
| ၄ | 15(T)4/MR(E) | ရန်ကုန်-ပြည်လမ်းပိုင်း၊ ဥက္ကံ-ဇီးကုန်းကြား(၆၃)မိုင်အား(၈)ချောင်းဆက် သံလမ်း ဂဟေဆက်ခြင်းလုပ်ငန်း(နှစ်ဆက်လုပ်ငန်း) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၇-၉-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၄-၈-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-294352, 291994**

### မတည်ရင်းနှီးငွေလျှော့ချခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ "Chue Yadanar Development Company Limited"အစုရှယ်ယာရှင်များ၏ (၂၂-၈-၂၀၂၆)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေအား ကျပ်သိန်း(၁၀၀၀) မှ ကျပ်သိန်း(၁၀၀)တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်းကြော်ငြာအပ်ပါသည်။

**Chue Yadanar Development Company Limited. Ph:09426255602**

### မတည်ရင်းနှီးငွေလျှော့ချခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော်များ "Lucky Kayin Construction Company Limited"အစုရှယ်ယာရှင်များ၏ (၂၂-၈-၂၀၂၆)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏မတည်ငွေအား ကျပ်သိန်း(၅၀၀) မှ ကျပ်သိန်း(၁၀၀)တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်းကြော်ငြာအပ်ပါသည်။

**Lucky Kayin Construction Company Limited. Ph:09429319292**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါအပြိုင်ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အောက်ဖော်ပြပါရေယာဉ် ၁ စင်းကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | MS.CAP.26-27(010) | ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ် (Coastal Cargo Vessel) | ၁ စင်း |

၂။ တင်ဒါပုံစံများရောင်းချမည့်ရက် - ၂၅-၈-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ အထိ (ရုံးဖွင့်ရက်များသာ)

၃။ တင်ဒါပုံစံ ရောင်းချမည့်အချိန် - ၁၀:၀၀ မှ ၁၆:၀၀ နာရီအတွင်း

၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၃-၁၁-၂၀၂၆(၁၀:၀၀)နာရီ

၅။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ - ၀၁-၈၂၅၀၂၅၁၊ ၀၁-၈၃၈၄၂၅၂

၆။ ဆက်သွယ်ရန်လိပ်စာ - စီမံရေးရာဌာန၊ ထောက်ပံ့ရေးဌာနခွဲ အမှတ်(၅၀)၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရန်ကုန်တိုင်းဒေသကြီး

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကော့ကဒွတ်)ကျောင်း၊ Grade-12 မှ မသိမ့်သူသူအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းအောင် ၁၀/ဘလန(နိုင်)၀၈၃၅၃၇ ဖြစ်ပါကြောင်း။

**ဦးစိုင်းထွန်းအောင်**

### ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကော့ကဒွတ်)ကျောင်း၊ Grade-12 မှ မမေစုဝေ၏ဖခင် အမည်မှန်မှာ ဦးနောင်နောင် ၁၀/ဘလန(နိုင်)၀၆၆၀၂၁ ဖြစ်ပါကြောင်း။

**ဦးနောင်နောင်**

### ပျောက်ဆုံးကြောင်း

သင်းသင်းဖြူ(ဘ)ဦးခင်မောင်အေး ၃/သတက(နိုင်)၀၀၆၂၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၉၈၈၂၀၇၆

### ပျောက်ဆုံးကြောင်း

ခင်ထွန်းဦး(ဘ)ဦးဟွမ်ချွင်းဟော် ၁/မညန(နိုင်)၁၀၇၇၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အရှင်တိက္ခဉာဏ(ဘ)ဦးခင်နွယ် ၁၂/ကခက(သ)၀၀၀၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ကံ့ကော်ဦး(ဘ)ဦးမောင်မောင်အေး ၇/ဝမန(နိုင်)၀၈၇၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

အောင်မျိုးထက်(ဘ)ဦးဇော်နိုင်ဝင်း ၁၂/သခန(နိုင်)၁၆၈၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်မှန်

ကျိုင်းတုံမြို့နယ်၊ အ.ထ.က(၁)၊ ကျိုင်းတုံ Grade-5(B) မှ အဘ ဦးအားခေါ်၏သား မောင်စိုင်းနော်ဆိုင်းအောန်၏အမည်မှန်မှာ မောင်နော်ဆိုင်းအောန်ဖြစ်ပါကြောင်း။

**မောင်နော်ဆိုင်းအောန်**

### ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)ရေကာ Grade-8 မှ မောင်ရှင်းသန့်မောင်မောင်၏ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/လဝန(နိုင်)၂၀၄၄၂၅ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

### ပျောက်ဆုံးကြောင်း

သန္တာမျိုး(ဘ)ဦးအောင်စိုး ၁၂/ကမန(နိုင်)၁၃၃၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 862581)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၈၀၇၄၅၇

### အမည်မှန်

ပဲခူးမြို့၊ EC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ်(၀၀၇/၂၅)၊ Grade-11(A) မှ (ဘ)ဦးရဲနိုင်၏သားဖြစ်သူ မောင်မင်းအောင်လှိုင်၏အမည်မှန်မှာ မောင်နိုင်ထက်လင်း ဖြစ်ပါကြောင်း။

**မောင်နိုင်ထက်လင်း**

### ဖခင်အမည်မှန်

ပဲခူးမြို့၊ EC ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ်(၀၄၈၅)၊ Grade-6 မှ မရွှေပိုးအိမ်၏ဖခင်အမည်မှန်မှာ ဦးအောင်ဖြိုးဝေဦး ဖြစ်ပါကြောင်း။

**ဦးအောင်ဖြိုးဝေဦး**

### ပျောက်ဆုံးကြောင်း

အောင်မြင့်မြတ်(ဘ)ဦးကြည်မြင့် ၁၂/လကန(နိုင်)၂၀၂၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အလိမ္မာစာမှာရှိ**

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မမကြီးလည်း အခန်းပေါက်အနီးသို့သွား၍ အစေခံတို့စုရုံးပြောနေကြသည်ကိုကြားသဖြင့် မစောထံပြန်လာပြီးလျှင် "သူတို့ပြောနေကြတာအဟုတ်လား မစော"

"ဘာပြောနေကြသလဲ ကလေးရဲ့"

"ကိုသက်ညွန့်က မေမေ့ခေါ်ပြေးတယ်ဆို"ဟု ပြောလျှင် မစောသည် ကုလားထိုင်ပေါ်သို့ ပက်လက်လန်၍ လဲသွားလေ၏။

မမကြီးလည်း "ဘာပြုလို့ ခေါ်သွားတာလဲမစောရဲ့ ပြောစမ်းပါ၊ မေမေ့ သတ်ပစ်မလို့လား၊ ဟုတ်လား"

"အိပ်ချေလေ ကလေး၊ ဒါနဲ့ နေမကောင်းဘဲနေလိမ့်မယ်"

"မေမေ့တွေ့ချင်တယ်မစောရဲ့၊ မေမေ ဘယ်တော့ပြန်လာမလဲ"ဟု ပြောဆဲတွင် မဂျမ်းပုံသည် အခန်းတွင်းသို့ ဖြည်းညင်းစွာ ဝင်လာ၍ ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ရာ မျက်နှာမည်းလျက် အလွန်တရာ ဝမ်းနည်း၍ နောင်တကြီးရသည့်လက္ခဏာရှိပေ၏။

ဝန်ထောက်မင်း ဦးကျော်မင်းလည်း ယင်းည၌တွင် အခွန်ဝန်မင်းအိမ်မှာ ၁၂ နာရီနှင့် နာရီပြန်တစ်ချက်အတွင်းပြန်လာ၍ မိမိဇနီး ဝန်ထောက်ကတော်ကြီးအား မောင်ထွန်းမြတ်တို့၏ အိမ်ဆီမှ မြင်းရထားတစ်စင်းသည် ကဆုန်ချ၍မောင်းသွားသည်ကို မြင်လိုက်ကြောင်း ပြောလေ၏။

■ ■ ■ ■ ■

**အခန်း (၂၂)**

ခင်စိန်ကြည်သည် လင်နှင့်သားသမီးတို့ကိုစွန့်ပစ်၍ သွားသည်မှာ တစ်နှစ်ခန့်ရှိလေ၏။ တစ်နေ့သ၌ ခင်စိန်ကြည်သည် ရန်ကုန်နှင့် မနီးမဝေးတောရွာတစ်ရွာ၌ အိမ်ကြီးတစ်ဆောင် ပြတင်းပေါက်အနီး ကုလားထိုင်တစ်လုံးပေါ်တွင် လက်ပိုက်၍ထိုင်လျက် ပြတင်းပေါက်မှ ငေးကြည့်နေလေ၏။ ခင်စိန်ကြည်သည် မောင်သက်ညွန့်အား ချစ်ကြိုက်မိသည်မှန်၏။ သို့ရာတွင် သားသမီးနှင့် လင်သားကိုစွန့်ပစ်၍ အိမ်မှထွက်ခွာလာရခြင်းမှာ မောင်သက်ညွန့်အတွက် လုံးလုံးဖြစ်သည်ဟု မယူဆသင့်ပေ။ မောင်ထွန်းမြတ်နှင့်နေစဉ်အခါ မောင်ထွန်းမြတ်ကို မိမိရှိနှင့်အထင်မှားသည့်အတွက် လွန်စွာစိတ်နှလုံးမချမ်းသာလှသဖြင့် ဤသို့သောအဖြစ်မှ လွတ်စေတော့ဟု ကြံမိကြံရာကြံခဲ့ရှာရာ ယခုမှာမူ မောင်ထွန်းမြတ်နှင့်နေစဉ်အခါကထက် အဆများစွာပိုမို၍ ဒုက္ခဆင်းရဲတွေ့ကြုံရလေ၏။

ခင်စိန်ကြည်သည် မောင်သက်ညွန့်နှင့် အိမ်မှထွက်မိလျှင် ထွက်မိချင်း မိမိ၏အဖြစ်ကို ပြန်၍သတိရပြီးလျှင် မှားလေတော့ပြီဟုသိလျက်နှင့် ဖွတ်နှစ်ဆိုသည့်စကားကဲ့သို့ မကောင်းသည့်အဖြစ်ကို သိလျက်နှင့် နောက်သို့မဆုတ်နိုင်ဘဲ ရှေ့သို့တိုးရခြင်းဖြစ်လေသည်။ အိမ်မှထွက်၍လာစအခါကပင် မိမိသည် မောင်သက်ညွန့်နှင့်အတူနေထိုင်သည်ဖြစ်စေ၊ တသီးတခြားနေထိုင်သည်ဖြစ်စေ ဤတစ်သက်၌ တစ်ခဏမျှ စိတ်ချမ်းသာနိုင်မည်မဟုတ်ဟု အောက်မေ့မိလေ၏။

မောင်သက်ညွန့်လည်း ခင်စိန်ကြည်နှင့် အစဉ်မပြတ် အတူမနေထိုင်ဘဲ ရန်ကုန်နှင့်ခင်စိန်ကြည်ရှိရာသို့ ကူးသန်းလျက်ရှိရာ တစ်နှစ်အနက် လေးလခန့်သာလျှင် ခင်စိန်ကြည်နှင့်အတူနေထိုင်လေ၏။ မောင်သက်ညွန့် ရန်ကုန်သို့သွားသည့်အခါတို့၌ ခင်စိန်ကြည်သည် အတူလိုက်ရန် ပြောပါသော်လည်း မောင်သက်ညွန့်က -

"မတော်သေးလို့ပါခင်ရယ် နောက်တော့ခေါ်မယ်ပေါ့" ဟု လှည့်ပတ်ပြောဆို၍ထားခဲ့လေ၏။ မောင်သက်ညွန့်မှာ ခင်စိန်ကြည်အား မောင်ထွန်းမြတ်ကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက်ချစ်ကြိုက်လှသည်မဟုတ်သဖြင့် ထွက်ပြေးစအခါကသာလျှင် အရေးတယူလုပ်လျက် ရက်အနည်းငယ်လွန်လျှင် မထီမဲ့မြင်ပြု၍ လျစ်လျူရှု၍သာလျှင် နေကုန်၏။

ယင်းနေ့ညနေ၌ ချမ်းအေးသည့်ဥတုဖြစ်၍ ခင်စိန်ကြည်သည် မီးလင်းဖိုတစ်ခုကို ပြတင်းပေါက်အနီးတွင်ထား၍ ပြတင်းမှထိုင်လျက် ရွာသူ၊ ရွာသားတို့သည် တောမှအလုပ်ပြီး၍ ရယ်မောပြောဆိုပြန်လာကြသည်ကိုမမြင်ဘဲ ငေးကြည့်လျက်နေရာ လေမင်းသည် ဖြည်းညင်းစွာ တိုက်နေရာမှ တဖြည်းဖြည်းပြင်းလျက်လာလျှင် အိမ်ကြီးသည်လည်း ဟောင်းနွမ်းလှပြီဖြစ်၍ ထိုမှဤမှယိမ်းယိုင်လျက် ပုခက်လွှဲသကဲ့သို့ ရှိကုန်၏။ မောင်သက်ညွန့်လည်း ရန်ကုန်သို့သွားနေခိုက်ဖြစ်၍ ခင်စိန်ကြည်သည် ယင်းအိမ်ကြီး၌ မိန်းမအစေခံတစ်ယောက်နှင့်နေထိုင်ရရှာ၏။ ခင်စိန်ကြည်၏ရုပ်လက္ခဏာမှာ မောင်ထွန်းမြတ်နှင့်နေစဉ် မိတ္ထီလာသို့သွားသောအခါကထက်ပင် ကြုံလှီနွမ်းလျော့၍ မျက်ကွင်းမည်းညိုခြင်း၊ အသားအရေဖျော့တော့ခြောက်ခန်းခြင်း၊ လက်ဖဝါးခြေဖဝါး စပ်ပူစပ်ရှားရှိခြင်း၊ နှုတ်ခမ်းကွဲအက်ခြင်း စသည်ဖြင့် အရုပ်အဆင်းပျက်လုဘနန်းရှိအောင် မကျန်းမမာဖြစ်လျက်ရှိလေ၏။

ခင်စိန်ကြည်သည် ပြတင်းပေါက်အနီးတွင် နှလုံးမသာယာသောမျက်နှာဖြင့် ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်လှန်တွေးတောနေသည့် လက္ခဏာနှင့်ထိုင်နေရာ မောင်သက်ညွန့်သည် သားရေအိတ်ကို လက်ဆွဲလျက် အိမ်ပေါ်သို့တက်လာလျှင် အနီးတွင်ထိုင်၍ အကလေးကို ပုခက်လွှဲလျက်ရှိသော အစေခံမိန်းမကို တခြားသို့ ခေတ္တသွားနေရန် ပြောပြီးမှ "ဘာလုပ်လာသလဲ"ဟု တုန်ယင်ခြင်းကင်းသောအသံဖြင့် မေးလေ၏။ မောင်သက်ညွန့်လည်း ကုလားထိုင်တစ်လုံးကိုဆွဲ၍ အနီးသို့ ချဉ်းကပ်မည်ပြုရာ။

ခင်စိန်ကြည်က မျက်နှာထားတင်းတင်းနှင့် "ဘာလာလုပ်သလဲ" ဟု ထပ်၍မေးလေလျှင် -

"ဒီလောက်အပန်းခံပြီး တမင်လာခဲ့ရတာများ ဒီလောက်မျက်နှာထားတင်းဖို့ မကောင်းပါဘူးခင်ရယ်" ပြောလျှင် -

ခင်စိန်ကြည်သည် မောင်သက်ညွန့်၏အပေါ်၌ များစွာစိတ်ဆိုးရန် အကြောင်းရှိသော်လည်း စိတ်ကိုချုပ်တည်း၍ အမျက်ကိုအပြင်သို့ မထွက်စေဘဲ ငြိမ်သက်သောအသံဖြင့် -

"ကျွန်မကို ရှင်စာရေးပြီးသည့်နောက် ကျွန်မမျက်နှာ ရှင်လာပြီးကြည့်တာ အင်မတန်အံ့ဩဖို့ကောင်းတယ်၊ ရှင်လာတာလည်း ကျွန်မတစ်ခုတော့ဝမ်းသာပါရဲ့၊ ဘယ့်နှယ်ကြောင့် ဝမ်းသာသလဲဆိုတော့ စာရပြီးပြီးချင်း စာပြန်ရေးဖို့ဟာ စာမရေးနိုင်သေးလို့ အခုတော့ ရှင်လာပေလို့ စာရေးရသက်သာတာပေါ့၊ ကျွန်မကို ရှင် ဘယ့်နှယ်မိန်းမစားမှတ်သလဲ"

**"ခင်စိန်ကြည်သည် လင်နှင့်သားသမီးတို့ကိုစွန့်ပစ်၍ သွားသည်မှာ တစ်နှစ်ခန့်ရှိလေ၏။ တစ်နေ့သ၌ ခင်စိန်ကြည်သည် ရန်ကုန်နှင့် မနီးမဝေးတောရွာတစ်ရွာ၌ အိမ်ကြီးတစ်ဆောင် ပြတင်းပေါက်အနီး ကုလားထိုင်တစ်လုံးပေါ်တွင် လက်ပိုက်၍ထိုင်လျက် ပြတင်းပေါက်မှ ငေးကြည့်နေလေ၏။ ခင်စိန်ကြည်သည် မောင်သက်ညွန့်အား ချစ်ကြိုက်မိသည်မှန်၏။ သို့ရာတွင် သားသမီးနှင့် လင်သားကိုစွန့်ပစ်၍ အိမ်မှထွက်ခွာလာရခြင်းမှာ မောင်သက်ညွန့်အတွက် လုံးလုံးဖြစ်သည်ဟု မယူဆသင့်ပေ. . ."**

"ဖြည်းဖြည်းခင် ဖြည်းဖြည်း၊ ကျုပ်က စာထဲမှာ နည်းလမ်းရှိသလောက် ရေးလိုက်တယ်မဟုတ်လား၊ ဒီဥစ္စာ . . ."

"ဘာနည်းလမ်းလဲ တော်ပြီ၊ ကိုသက်ညွန့် ကျွန်မကို ဒီအကြောင်း ထပ်မပြောနဲ့တော့၊ ရှင်နဲ့ကျွန်မနဲ့ ဒီကနေ့ကစပြီး ပြီးကြပြီ"ဟု ပြောလျှင် စားပွဲအံဆွဲကိုဆွဲ၍ တစ်စုံတစ်ခုကို ရှာလျက်နေရာ -

မောင်သက်ညွန့်က "ခင်လည်း စဉ်းစားကြည့်ပါ၊ ကျုပ်အခြေအနေနဲ့ လူတစ်ယောက်က လင်ကွာပြီးမိန်းမတစ်ယောက်ကို မယားကြီးအဖြစ်နဲ့ ယူဖို့ အပုံကြီးခဲယဉ်းပါတယ်၊ ဒီတော့ စာထဲမှာပါတဲ့အတိုင်း"

"တော်ပြီ . . . ကိုသက်ညွန့် ဆင်ခြေမပေးပါနဲ့တော့၊ ရှင့်စိတ်သဘောကို ကျွန်မယခုသိပြီ၊ ဟိုကမိန်းမက အငယ်၊ ကျွန်မက အကြီးဖြစ်စေဦးတော့ ရှင်နဲ့ကျွန်မနေနိုင်ဖို့မရှိဘူး၊ ရှင်ပြောသလိုများတော့ ပြောဝံ့တာတောင် အင်မတန်အံ့ဩဖို့ကောင်းတယ်"

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်ပသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပုစွန်မက်ထရစ်တန် ၃၀၀၀ နီးပါးတင်ပို့ထား



ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့ရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၃၀၀၀ နီးပါး တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်ကနေ ဇူလိုင်လ ၃၁ ရက်အထိ ပြည်ပကို ပုစွန်တင်ပို့မှုအနေနဲ့ ၂၉၅၆ ဒသမ ၆၃၆ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၄၄ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ လေးလတာကာလအတွင်း ပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၂၈၂၀ ဒသမ ၃၀၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၈၈ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၁၃၆ ဒသမ ၃၃၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၅၆ သန်းရရှိသည့်အတွက် စုစုပေါင်းပုစွန်မက်ထရစ်တန် ၂၉၅၆ ဒသမ ၆၃၆ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၃၄၄ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်နှင့်ငါး စသည့် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ပြီး ရန်ကုန်မြို့မှ တစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ရာ ယခုဘဏ္ဍာနှစ်လေးလတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန်မက်ထရစ်တန် ၉၉၀၇၉ ဒသမ ၂၃ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၈၀၅ သန်းရရှိထားကြောင်း သိရသည်။

**စောယု**

# ဟင်္သာတမြို့နယ်၌ ငါးပုတ်သင်များ အရောင်းအဝယ်ကောင်းမွန်နေ

ဟင်္သာတ ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူဒေါ်သူဇာလင်း၏ပြောဆိုချက်အရ သိရသည်။

ဟင်္သာတမြို့နယ် ငါးဈေးကွက်အတွင်း ယခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်ပြီး လက်ရှိအချိန်အထိ ငါးပုတ်သင်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါငါးပုတ်သင်များ တစ်ရက်လျှင် ပိဿာ ၃၀၀၀ ခန့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

" ရေထွက်ကုန်တွေထဲမှာ ငါးပုတ်သင်တွေ ပိုမိုအရောင်းအဝယ်ဖြစ်နေပါတယ်။ စားသုံးတဲ့သူများလာတာကြောင့်ဖြစ်ပါတယ်။ ဒေသတွင်းအပြင် ရန်ကုန်ဈေးကွက်ကပါ အရောင်းအဝယ်ဖြစ်နေတာပါ။ အဓိကကတော့ ရန်ကုန်ဘက်ကနေ ဒီဘက်ကတင်ပို့ရောင်းချတဲ့ ငါးပုတ်သင်တွေ အဝယ်လိုက်လာလို့ပါ။ ဒေသပွဲရုံတွေဆီ ငါးပုတ်သင်တွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီဝင်လာတဲ့ ငါးပုတ်သင်တွေကလည်း လတ်ဆတ်မှုရှိပါတယ်။ ကုန်တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်သူတွေ အဆင်ပြေတာတွေ့ရပါတယ်"ဟု ဒေါ်သူဇာလင်းကပြောသည်။

ဟင်္သာတမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများသည် ငါးပုတ်သင်များအပါအဝင် ဒေသထွက်ရေထွက်ကုန်များကိုဝယ်ယူပြီး စနစ်တကျသန့်စင်၍ တခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ်ရှိ အထင်ကရနေရာများအား ကြည့်ရှုလေ့လာ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အာရှတိုက်၏အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်အား ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်၊ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ်ရှော်ဘန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကီဇီးလ်မြို့ရှိ အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဦးစွာနိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မြစ်ကမ်းနံဘေးရှိ အာရှတိုက်၏အလယ်ဗဟိုနေရာဖြစ်သည့် The Center of Asia အထိမ်းအမှတ်ကျောက်တိုင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ်

စာမျက်နှာ ၁၇ ကော်လံ ၁ ◆

## ရှောဝတီအက်ဖ်စီအသင်း အာရှအမျိုးသမီးချန်ပီယံလိဂ် အုပ်စုအဆင့်တက်လှမ်း

**ရန်ကုန် ဩဂုတ် ၂၃**

၂၀၂၆-၂၀၂၇ ရာသီ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(F)၏ နောက်ဆုံးနေ့ပွဲစဉ်တစ်ပွဲဖြစ်သည့် မြန်မာအမျိုးသမီးကလပ် ရှောဝတီအက်ဖ်စီအသင်းနှင့် New Taipei City Hang Yuan အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲအပြီးတွင် ရှောဝတီအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် New Taipei City Hang Yuan အသင်းကိုအနိုင်ယူကာ ၂၀၂၆-၂၀၂၇

စာမျက်နှာ ၁၆ ကော်လံ ၁ ⇨





## ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပသည့် ကြက်တောင်ပြိုင်ပွဲတွင် မြန်မာလက်ရွေးစင်ကြက်တောင်အသင်း ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၆ ခု နှင့် ကြေးတံဆိပ် ၄ ခု ဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၂၃**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ဩဂုတ်လ ၁၅ ရက်မှ ၂၁ ရက်ထိ ကျင်းပသည့် Badminton Asia Southeast Asia Regional Championships 2026 ပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင်ကြက်တောင်အသင်းသည် ရွှေတံဆိပ် ၁၅ ခု၊ ငွေတံဆိပ် ၆ ခုနှင့် ကြေးတံဆိပ် ၄ ခု

စာမျက်နှာ ၁၆ ကော်လံ ၃ →

### ကလေးမြို့တွင် ငွေကျပ် ၁၅ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၆ သန်းကျော် ဖမ်းဆီးရမိ

စာ - ၂၉ သို့

### ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ ၂၀ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာ - ၂၂ သို့